# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၈)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၆-၁-၂၀၂၅၊ တနင်္လာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြပြီး ပြင်ဦးလွင်မြို့တွင်းလမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကတ္တရာလမ်းပေါ်တင်နေသော သဲ၊ ဖုန်များအား ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများအား ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ ဦးတို့က ဈေးလေးမီးပွိုင့်လမ်းဆုံမှ ဗိုလ်ချုပ်လမ်းအထိ မြို့ပတ်လမ်းမကြီးတစ်လျှောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေကား တစ်စီး၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ရေဘောက်ဆာကား တစ်စီးတို့ဖြင့် ကတ္တရာလမ်းပေါ်တင်နေသည့် သဲ၊ ဖုန်များအား ရေဖျန်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမှိုက်သိမ်းယာဉ် နှစ်စီးဖြင့် လမ်းဘေးဝဲ၊ယာ တစ်လျှောက်ရှိ အမှိုက်များ သိမ်းဆည်းရှင်းလင်းမှုများကို လည်းကောင်း မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မြို့တော်ဝန်က မြို့ပေါ်အဓိကလမ်းမကြီးများအား လစဉ် ရေဆေးသန့်ရှင်းရေးဆောင်ရွက်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း လမ်းညွှန်ဆေးလိုင်းများ၊ ပလက်ဖောင်းတစ်လျှောက်(ဖြူ၊ နီကျား)၊ (ဝါ၊နက်ကျား) ဆေးလိုင်းများအား ပေါ်လွင်ထင်ရှားနေအောင် အပတ်စဉ် ဆေးကြောရေးကိစ္စဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၅**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

**အဆုတ်ထဲ၌ အက်စပါတီတိတ်ပမာဏများခြင်းကြောင့် ကင်ဆာဆဲလ်များ အလျင်အမြန် ပွားလာနိုင်သည်ဟု ဆို**

စာမျက်နှာ ၇

**မုတ်သုံကာလ အမှိုက်သရိုက်များ ရှင်းလင်းရာတွင် ဘာလီကမ်းခြေမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းပါဝင်**

စာမျက်နှာ ၈

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၆ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# တစ်ဦးအပေါ် တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီနေထိုင်ကြရမည်

မေတ္တာဟူသည် အသွားအပြန်ရှိသည်ဆိုသော သဘောဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ ဆိုးတာလုပ်လျှင် ဆိုးတာဖြစ်မည်ဟု ယုံကြည်ကြပါသည်။ ကံ၊ ကံ၏ အကျိုးပင်ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကျေးဇူးပြုခြင်း။ အတုံ့အလှည့်ကျေးဇူးပြုခြင်းဟူသော လိုရင်းအဓိပ္ပာယ်ကို "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဟု အထိအမိဆုံးသုံးနှုန်းကြသည်။ ကျွန်းနှင့်ကိုင်းတို့သည် အပြန်အလှန် အမှီသဟဲပြုခြင်း၏ သဘောသဘာဝကို ပြသနေသည်။ ထို့ပြင် မိဘနှင့်သားသမီးတို့သည် ကိုင်းနှင့်ကျွန်းကဲ့သို့ဖြစ်သည်။ မိဘမေတ္တာဟူသော မြေဆီလွှာကောင်းတွင် ကိုင်းပင်ကလေးများနှင့်တူသော သား၊ သမီးတို့၏ ဘဝများ အောင်မြင်စွာ ဖူးဖွင့်ဝေဆာစေနိုင်ပါသည်။

ထို့ပြင် လူ့ဘောင်လောကသည် တစ်ဦးကိုတစ်ဦး အပြန်အလှန်ကျေးဇူးပြုခြင်းဖြင့် တည်တံ့နေသည်။ ကျေးဇူးသည် တစ်ဦးက တခြားတစ်ဦးအပေါ်တွင် ပြုသောအကျိုးဆောင်မှုဖြစ်သည်။ အပြန်အလှန်အကျိုးရလဒ် မျှော်လင့်ချက်မရှိဘဲ နှုတ်အားဖြင့် လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအားဖြင့်လည်းကောင်း ပံ့ပိုးကူညီပေးမှုဖြစ်သည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်သည်။ ဥယျာဉ်ဟူ၍ ရှိနေသောကြောင့် ရောင်စုံပန်းများ ပွင့်လန်း၍ ရောင်စုံပန်းတို့ကြောင့်လည်း ဥယျာဉ်ဖြစ်လာသည်။

ကျေးဇူးပြုသူ၊ ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်ထားသော်လည်း ထိုအရာများသည် ဟန်ချက်ညီရန်လိုအပ်သည်။ကျေးဇူးပြုသူက မာန်မာနမပါ၊ မေတ္တာရှေ့ထားရပြီး ကျေးဇူးခံယူသူက တုံ့ပြန်မေတ္တာဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သည်။ သစ်ပင်ရိပ်ကို ခိုလှုံခဲ့ဖူးသူက ထိုသစ်ပင်၏ကျေးဇူးကိုသိတတ်ရသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဘုရားက ဟောကြားတော်မူခဲ့သည်။

ထို့ပြင် ကျေးဇူးသိတတ်ခြင်းသည် လောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းကောင်းဖြစ်သည်။ တောင်သူလယ်သမားတို့ကို ထမင်းစားသူတိုင်းက ကျေးဇူးသိခြင်းဖြင့် စားနပ်ရိက္ခာပိုမိုကြွယ်ဝလာမည်ဖြစ်သည်။ နိုင်ငံသားတိုင်းကလည်း အမိမြေ၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် အမိမြေစည်ပင်တိုးတက်လာမည်ဖြစ်သည်။

"အလှူပေး၊ သူဌေးဖြစ်" စကားလည်းရှိပါသည်။ "မရှိလို့ မလှူ၊ မလှူလို့ မရှိ "ဟုလည်း ဆိုကြပါသေးသည်။ ဒါနသည် ကုသိုလ်ပင်တည်း။ သူတစ်ပါးကောင်းကျိုးဆောင်ရွက်သူမှာ မည်သည့်အခါမျှ မတိမ်ကော မညှိုးနွမ်းပါ။ "ကျီးကို ဘုတ်ရှိသေ၊ ဘုတ်ကို ကျီးရှိသေ" ဆိုသကဲ့သို့ မိမိက သူတစ်ပါးကို ရိုသေလေးစားမှ သူတစ်ပါးက မိမိကို ရိုသေလေးစားမည်ဖြစ်သည်။

သို့ဖြစ်ရာ လောကတွင် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားခြင်းဖြင့် အချင်းချင်းညီညွတ်ရိုင်းပင်းကြရမည်ဖြစ်သည်။ တစ်ဖန် တစ်ဦးအပေါ် တစ်ဦး "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" နေထိုင်ကြရမည်ဖြစ်သည်။

တစ်ဦးကို တစ်ဦး အပြန်အလှန်ကျေးဇူးသိတတ်ခြင်း၊ အထူးသဖြင့် မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးကို သိတတ်ရခြင်း၊ သိတတ်ရုံမျှမက ပြန်လည်ပေးဆပ်နိုင်အောင်လည်း ကြိုးစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့ (၅၄)ကြိမ်မြောက် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားအရာထမ်း၊ အမှုထမ်းများအား အချင်းချင်းကူညီဖေးမနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးအခြေစိုက် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့၏ (၅၄)ကြိမ်မြောက် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၆၄(အေ)လမ်း၊ ၄၃ လမ်းနှင့် သိပ္ပံလမ်းကြားရှိ မင်းမဟာကဖေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ(၁)ဦးမျိုးညွန့်(အင်ဂျင်နီယာချုပ်-ငြိမ်း)က အဖွင့်နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဝင်းမောင်(အင်ဂျင်နီယာချုပ်-ငြိမ်း)က အငြိမ်းစားအင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည့် အလှူရှင် ဦးခင်မောင်ဆွေ (အင်ဂျင်နီယာချုပ် (မြို့ပြ)-ငြိမ်း)က ဝမ်းသာပီတိစကားကိုလည်းကောင်း၊ အဖွဲ့၏ အတွင်းရေးမှူး(၂)ဦးကျော်ထွန်း (AE ငြိမ်း)က အငြိမ်းစားအင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့၏ နှစ်အလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင် ဦးမြင့်အောင်(ညွှန်မှူး-ငြိမ်း)၊ ဇနီး ဒေါ်မူမူကျော်မိသားစုက အလှူငွေကျပ် ၅ သိန်း၊ ဦးမျိုးမြင့်(AE-ငြိမ်း၊ စစ်ကိုင်းမြို့)က အလှူငွေကျပ်တစ်သိန်း၊ အဖွဲ့၏ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က အလှူငွေကျပ်တစ်သိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအင်ဂျင်နီယာများ လူမှုကူညီရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ အဖွဲ့၏ အလုပ်အမှုဆောင်များက လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(အပေါ်ပုံ)**

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင့်(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)က အဖွဲ့၏ (၆)နှစ်တာကာလအတွင်း မူလရည်ရွယ်ချက်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ နာမှုကူညီရေးတို့အပြင် သက်ကြီးရွယ်အိုဝန်ထမ်းများ၏ စားဝတ်နေရေး အထောက်အပံ့အဖြစ် ကိုဗစ်ကာလ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆန်၊ ဆီနှင့်ဆေးဝါးများ ထောက်ပံ့မှု (၆)ကြိမ်ကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့်အဖွဲ့တွင် ပါဝင်ခြင်းမရှိသေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားအင်ဂျင်နီယာများ၊ အမှုထမ်းများကိုလည်း ဆက်သွယ်ပါဝင်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## ကျောက်ဆည်မြို့နယ်တွင် ကိုယ်ပိုင်အခြေခံပညာကျောင်းပေါင်းစုံ မူလတန်းအဆင့် ဘောလုံး တတိယလုပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ပြည်သူ့အားကစားကွင်းတွင် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သည့် ထူးချွန်လူငယ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေး ကိုယ်ပိုင်အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက ကျောက်ဆည်မြို့နယ် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ် မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ဘောလုံး တတိယလုပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**



ဘောလုံးတတိယလုပြိုင်ပွဲတွင် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအချိန်အတွင်း တစ်သင်းနှင့်တစ်သင်း ဂိုးမရှိသရေရရှိပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းက ၂ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရှိရပြီး ပထမနှင့် ဒုတိယလုပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် ကျောက်ဆည်မြို့နယ် လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ် လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ဆုရရှိသော ဘောလုံးအသင်းများအား ဇန်နဝါရီ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ကိုယ်ပိုင်အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ကိုယ်ပိုင်ကျောင်းပေါင်းစုံဘောလုံးအားကစားပြိုင်ပွဲကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

**(၄၈၅)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

(ယမန်နေ့မှအဆက်)

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိလောက၊ ဝေယံဘုံမြင့်(သာသနဥယျာဉ်ပရဟိတ) ကျောင်းတိုက်၊ နန်းကွေ့ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိတ၊ မဇ္ဈိမဝံသရွှေကျောင်းတိုက်၊ အောင်မိုင်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝိမလ၊ ကျွန်းတော်ကျောင်းတိုက်၊ ကျွန်းတော်ကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တပညာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မူလာရှီးဒီရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၅။ ဘဒ္ဒန္တပညာဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရပ်ကွက်(၄)၊ ရှင်ဗွေယန်မြို့၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၆။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လန်းနို(၁) ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၇။ ဘဒ္ဒန္တနိပုဏ၊ နိပုဏာရာမဓမ္မာရုံကျောင်းတိုက်၊ စိုက်ကွင်း(၃) ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၈။ ဘဒ္ဒန္တသူရိယ၊ ဓမ္မနာဒကျောင်းတိုက်၊ ထေးပလော်ခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၉။ ဘဒ္ဒန္တဇောတိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါ်ဆော်ဖျူကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ငံရိုးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၁။ ဘဒ္ဒန္တပညာစာရ၊ ဖားပြမင်္ဂလာသိပ္ပံကျောင်းတိုက်၊ ဖားပြကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၁၂။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခိတော်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်

၁၃။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အမ်လောင်းကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၄။ ဘဒ္ဒန္တဝါရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါက်ဒွေကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၅။ ဘဒ္ဒန္တကုမာရ၊ ဒုံအိမ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒုံအိမ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၆။ ဘဒ္ဒန္တသြဘာသ၊ မြို့မထေရဝါဒဗုဒ္ဓသာသနာပြု(ဇဟို)ကျောင်း၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၁၇။ ဘဒ္ဒန္တကလျာဏစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျန်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တအဂ္ဂသာရ၊ ကျောက်ကြီးတောင်ကျောင်းတိုက်၊ ကြီးအုပ်ကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုမာရ၊ ရေဆန်ကျွန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျီကုန်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တကလျာဏသရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အထက်ရပ်ကွက်၊ ပန်ဆောင်မြို့၊ နန်းယွန်းမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တပညာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဂဟုန်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ဘဒ္ဒန္တဇောတိက၊ တောင်ပယကျောင်းတိုက်၊ တောင်ပယကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂၃။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ခေမာသီဝံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရွှေပြည်သာရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂၄။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မဇော်ပြင်ကြီးကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂၅။ ဘဒ္ဒန္တပါလိတ၊ မြို့မသီဟနာဒစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်

၂၆။ ဘဒ္ဒန္တပညာသီရိ၊ ဂုဏ်မင်းအိုင်အေးငြိမ်းချမ်းသာ သဘာဝတရားရိပ်သာ၊ ဂုဏ်မင်းအိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၂၇။ ဘဒ္ဒန္တဝါယမ၊ မှန်ပြတောင်ဘုန်းတော်ကြီးကျောင်း၊ (၆)မိုင်ကျေးရွာ၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်

၂၈။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မပါလကျောင်းတိုက်၊ ရှားစေးဖိုကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၂၉။ ဘဒ္ဒန္တဇာဂရ၊ ရတနာမာရ်အောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဆည်စုကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၃၀။ ဘဒ္ဒန္တပညာသာမိ၊ ရွှေကြာပျိုးခင်း အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၊ ရွှေကျကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

၃၁။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကိုးဆောင်ကျောင်းတိုက်၊ ထုံးဘိုကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၂။ ဘဒ္ဒန္တနေမိန္ဒာလင်္ကာရ၊ ဓမ္မပါလဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေကြီးပင်ကွက်သစ်၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၃။ ဘဒ္ဒန္တဝေပုလ္လ၊ အမှတ်(၁၆)ငါးကြီးအင်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ငါးကြီးအင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၄။ ဘဒ္ဒန္တဇောတိက၊ ရွှေဘုံသာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ကျိုက်စကောကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၅။ ဘဒ္ဒန္တဝိမလ၊ မေတ္တာဥယျာဉ်(ပဏ္ဍိတာရာမမြတောင်) ရှင်သာမဏေပြုစုပျိုးထောင်ရေးနှင့် မိဘမဲ့ကလေးစောင့်ရှောက်ရေး ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၆။ ဘဒ္ဒန္တဓမ္မပါလ၊ ပစ္ဆိမရာမ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ရပ်ကွက်ကြီး(၈)၊ ဥသာမြို့သစ်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃၇။ ဘဒ္ဒန္တဇဝန၊ ထန်းကောက်ကျောင်းတိုက်၊ ထန်းကောက်ကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၃၈။ ဘဒ္ဒန္တနန္ဒောဘာသ၊ မတောင့်တဘုန်းတော်ကြီးကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၃၉။ ဘဒ္ဒန္တသောမ၊ သာသနပါလကျောင်းတိုက်၊ ရွာသာကြီးကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၀။ ဘဒ္ဒန္တသီလာစာရ၊ စေတော်ဝင်တောရကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ စေတုတ္တရာမြို့၊ မကွေးတိုင်းဒေသကြီး

၄၁။ ဘဒ္ဒန္တတေဇ၊ သာသနာနုဂ္ဂဟ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြောက်ရှားတောကျေးရွာ၊ ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၂။ ဘဒ္ဒန္တသြဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပနီဆုံကျေးရွာ၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄၃။ ဘဒ္ဒန္တဝရဒီပ၊ ရွှေရန်ကင်းကျောင်းတိုက်၊ ဥယျာဉ်တော်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၄။ ဘဒ္ဒန္တသုမနဉာဏ၊ ဂိုဏ်းထောက်ကျောင်းတိုက်၊ ဆည်တိုကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၅။ ဘဒ္ဒန္တဝိစာရ၊ မဟာဝိဇယကျောင်းတိုက်၊ မဟာမြိုင် (၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၆။ ဘဒ္ဒန္တကောဝိဒ၊ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ သဲချောင်းကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၇။ ဘဒ္ဒန္တဇောတိပါလ၊ ဘုရားဖြူဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စာတိုးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၈။ ဘဒ္ဒန္တနန္ဒ၊ ဥသျှစ်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄၉။ ဘဒ္ဒန္တအာစာရ၊ ရတနာသိဒ္ဓိကျောင်းတိုက်၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၀။ ဘဒ္ဒန္တမာနိတ၊ ပတ္တမြားဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အောင်နီလာ (၂) ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၅၁။ ဘဒ္ဒန္တဇနက၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်၊ ရွာကြီးကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၂။ ဘဒ္ဒန္တသောဘဏ၊ ဗုဒ္ဓဆာယာ(ပရဟိတ)ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ရေထွက်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တပညာသာမိ၊ သာသနာ့ဂုဏ်ဆောင်မေတ္တာရောင်ကျောင်းတိုက်၊ ဖျောက်ဆိပ်ကုန်းကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရဲသောင်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၅။ ဘဒ္ဒန္တနန္ဒမာလာ၊ စောင်နိုင်ကြီးကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၆။ ဘဒ္ဒန္တသြဘာသ၊ အောင်သိဒ္ဓိရှင်ကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၇။ ဘဒ္ဒန္တရေဝတ၊ မဲပျော့ဝကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၈။ ဘဒ္ဒန္တတိလောက၊ မဲရုံကြီးကျောင်းတိုက်၊ ကင်မွန်းချောင်းကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၅၉။ ဘဒ္ဒန္တသြဘာသ၊ ဝင်းစိန်တောရကျောင်းခွဲ၊ ခပ်ရခပ်ယူကျောင်းတိုက်၊ လက်တက်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၆၀။ ဘဒ္ဒန္တစာရိန္ဒ၊ ကျောက်တန်းကျောင်းဟောင်းကျောင်းတိုက်၊ ကျောက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၆၁။ ဘဒ္ဒန္တပညာသီရိ၊ မြို့ဦးတောင်ပေါ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဂွမြို့၊ ရခိုင်ပြည်နယ်

၆၂။ ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရ၊ မဇ္ဈိမပတ္တမြားရတနာကျောင်းတိုက်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တနန္ဒမာလာသီရိ၊ မြရောင်ခြည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငြိမ်းချမ်းသာယာကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တစန္ဒသူရိယ၊ မူလပဋ္ဌာန်းကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဘဒ္ဒန္တသစ္စပဏ္ဍိတ၊ မင်္ဂလာသီရိမြန်မာကမ္ဘောဒီးယားပရိယတ္တိစာသင်တိုက်၊ အမှတ်(၂၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဘဒ္ဒန္တမင်္ဂလ၊ မြင်းမူကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၇။ ဘဒ္ဒန္တဉာဏိသရ၊ ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၈။ ဘဒ္ဒန္တကုသလ၊ ဝိမုတ္တိဉာဏဓမ္မရိပ်သာကျောင်းတိုက်၊ ပိန္နဲကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၉။ ဘဒ္ဒန္တသူရိန္ဒဓဇ၊ မင်္ဂလာဦးပရိယတ္တိစာသင်တိုက်၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့နယ်၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တနရိန္ဒ၊ မိုးဦးကျောင်းတိုက်၊ မိုးဦးကျေးရွာ၊ ပင်လောင်းမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၁။ ဘဒ္ဒန္တအဂ္ဂဝံသ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

၇၂။ ဘဒ္ဒန္တသုစိတ္တ၊ နောင်မွန်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ ကံသာဦးရပ်၊ နောင်မွန်စံပြကျေးရွာ၊ ဆီဆိုင်မြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

၇၃။ ဘဒ္ဒန္တပဏ္ဍိတ၊ နယ်စပ်ဒေသပရိယတ္တိ ပဋိပတ္တိ သာသနာပြုပဏ္ဍိတာရာမ နမ့်ပွန်းကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၇၄။ ဘဒ္ဒန္တဝိမလ၊ ပန်းခင်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်(၃၀)ကျေးရွာ၊ မိုင်းပျဉ်းမြို့နယ်၊ ရှမ်းပြည်နယ်

၇၅။ ဘဒ္ဒန္တနန္ဒန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်ဆုံ(၂) ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၆။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းကန်ကျေးရွာ၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၇။ ဘဒ္ဒန္တသုမနသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စပ်ပလောက်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၇၈။ ဘဒ္ဒန္တဥတ္တမသာရ၊ အေးဝဏ်ဘာကျောင်းတိုက်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၉။ ဘဒ္ဒန္တသြသဓ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ တကုန်းကြီးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၈၀။ ဘဒ္ဒန္တမုနိန္ဒ၊ သီရိမင်္ဂလာကျယ်ဂေါင်ကျောင်းတိုက်၊ ကျယ်ဂေါင်မြို့၊ ရွှေလီမြို့နယ်၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၈၁။ ဘဒ္ဒန္တပညာစက္က၊ ဝပ်ဆိုင်းမွန်မြန်မာကျောင်းတိုက်၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ

စာမျက်နှာ ၄ သို့ ✪

◌ စာမျက်နှာ ၃ မှ

### သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်(အဆက်)

၈၂။ Dr.Ven Nandaratan, သီရိလင်္ကာဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ဗုဒ္ဓနာဂရိရပ်ကွက်၊ ကုသိနာရုံမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ

၈၃။ Dr.Ven Dhammaratana, Chinese Buddhist Temple, Nalanda, Bihar, အိန္ဒိယနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၈၄။ ဒေါ်ပညာသီရီ၊ သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ သီရိဟေမာသီလရှင်စာသင်တိုက်၊ အမှတ် (၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၈၅။ ဒေါ်အင်္ဂရဝတီ၊ သကျဓီတာသီလရှင်ကျောင်းတိုက်၊ အလယ်ကုန်းရပ်ကွက်၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၈၆။ ဒေါ်ဟိတကာရီ၊ ရွှေမောင်းမဏိရတနာဦးသီလရှင်စာသင်တိုက်၊ သပြေရိုးကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈၇။ ဒေါ်ဣန္ဒစာရီ၊ ပဉ္စဂီရိချမ်းမြေ့စည် လောကီလောကုတ္တရာပညာသင်ကြားရေးသီလရှင်ကျောင်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်

၈၈။ ဒေါ်ပညာဝတီ၊ ပညာသိဂီသီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**လူပုဂ္ဂိုလ်များ**

၈၉။ ဦးငွေသိဏ်းဝင်း၊ အမှတ်(၂၈၅)၊ ဗေယျာ(၅)၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင် ပြည်နယ်

၉၀။ ဒေါက်တာကျော်ဇင်ဦး၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၉၁။ ဦးအောင်နိုင်စိုး၊ တိုက်အမှတ်(၉)၊ မြရည်နန္ဒာတိုက်ခန်း၊ (၁၁၇-ဒီ)လမ်း၊ ၄၅ x ၄၆ လမ်းကြား၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉၂။ ဦးကျော်စိုး၊ အခန်း(၀၀၅)၊ တိုက်အမှတ်(၂)၊ ကျိုတော်အိမ်ရာ၊ ကျိုတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဒေါ်မြင့်မြင့်အေး၊ အမှတ်(၁၈)၊ ဈေးချိုလမ်း၊ မြို့မမြောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၄။ ဒေါက်တာလင်းဆိုင်၊ ပန်လင်းဆိုင်ကျေးရွာ၊ နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၉၅။ Ms YOSHIDA IKUKO, အမှတ် ၄-၃၂-၄ (၈၀၁)၊ ရှင်ဂျူကုမြို့နယ်၊ တိုကျိုမြို့တော်၊ ဂျပန်နိုင်ငံ

### အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလညာဏ၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊ ကန်ချောင်အုပ်စု၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဒေါက်တာဘဒ္ဒန္တက္ခေမာဘာသာဘိဝံသ၊ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြို့မ(၁)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသီလာစာရ၊ ကျိုက်ဒေးယျုံကျောင်းတိုက်၊ ပျဉ်ထောင်ကျေးရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဓမ္မသာမိ၊ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တကစ္စာယန၊ စံပယ်ရုံမိုးကုတ်ဝိပဿနာရိပ်သာ၊ မာရ်အောင်ကျောင်းတိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကုမုဒ၊ ရွှေသစ္စာတောရ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ၊ အင်းကန်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဒေါက်တာဘဒ္ဒန္တနန္ဒဝံသ၊ ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မသုခတောရဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ လွယ်လုံကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုနန္ဒ၊ ဝံသရက္ခိတမိုးကုတ်ရိပ်သာ၊ ဗလပ်စုံကျောင်းတိုက်၊ အတွင်းရှမ်းချောင်းကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသောဘဏ၊ သီတာမြိုင်တောရထာဝရရိပ်သာကျောင်းတိုက်၊ မှတ်ရှည်အုပ်စု၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တတေဇောဘာသ၊ သိဒ္ဓိလာဘမိုးကုတ်ဝိပဿနာကျောင်းတိုက်၊ ကရင်စုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တနာယက၊ အောင်တော်မူတောရဓမ္မရိပ်သာကျောင်းတိုက်၊ မြို့လှမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဓမ္မပိယ၊ ငါးဆင့်အရှေ့ကျောင်းတိုက်၊ ရွှေအိုး(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဓမ္မသာရ၊ မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၂၉၅) ဓနုတ်ကျောင်းတိုက်၊ ဓနုတ်စံပြကျေးရွာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဝိစိတ္တ၊ ရွှေဓမ္မရိပ်ငြိမ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ ပေါင်းကူးညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇာဂရိယ၊ ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသောဘန၊ ဓမ္မအောင်စည်သာသနာ့ရိပ်သာ၊ အမှတ်(၁၉/၄၈) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တတေဇဓမ္မ၊ မေတ္တာမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ်(၁၄၀)ရပ်ကွက်၊ တောင်ဒဂုံ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိမလ၊ အောင်မဂ္ဂင်ဓမ္မရိပ်သာကျောင်းတိုက်၊ ထိန်ကုန်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ မင်္ဂလာတောရမဟာစည်ရိပ်သာကျောင်းတိုက်၊ မင်္ဂလာကုန်းကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၂။ ဘဒ္ဒန္တဓမ္မဓဇ၊ သစ္စာတံခွန်မိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဂန္ဓမာစာရ၊ ရတနာမြိုင်ရိပ်သာကျောင်းတိုက်၊ ငွေပုလဲရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒိမာ၊ ရန်အောင်မြင်တောရ (မြို့တော်ဝန်)ကျောင်းတိုက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၅။ ဘဒ္ဒန္တဝိမလ၊ ပြည်တော်အေးဓမ္မရိပ်သာကျောင်းတိုက်၊ သရက်ချဉ်ပေါက်ကုန်းကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တထေရာနန္ဒ၊ ဓမ္မလမင်းမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကြခတ်ဝါးရုံကျေးရွာ၊ နတ္တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တသာသန၊ ထူပါရုံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မောင်းတိုင် (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပုည၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ ရွှေတောင်တိုက်သစ်ကျောင်းတိုက်၊ စက်မှုဇုန်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၉။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရာဘိဝံသ၊ ပေါင်လောင်လေးရွာဦးကျောင်းတိုက်၊ ပေါင်လောင်လေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တစန္ဒာဝရ၊ ညောင်လွန့်ဓမ္မရိပ်သာကျောင်း၊ ထုံးဘိုတောရတိုက်၊ ပေါက်ချောင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝိသာရဒ၊ အောင်သိဒ္ဓိကျောင်းတိုက်၊ ရွှေပြည်ရန်နိုင်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တတိဿ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ သာယာကုန်းရပ်ကွက်၊ သိမ်ဇရပ်မြို့၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

၁၃။ ဘဒ္ဒန္တခန္တိဝရ၊ ဝေဠုဝန်သာသနာ့ရိပ်သာကျောင်းတိုက်၊ သပိတ်ကုန်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၊ ရတနာမြိုင်ကျောင်းတိုက်၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်(တိုက်ခွဲ)၊ အမှတ်(၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ဘဒ္ဒန္တဟိတေသက၊ ဇမ္ဗူရာဇ်ရွှေစဉ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၂) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ဘဒ္ဒန္တသုနန္ဒ၊ သဟပုညကာရီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ အမှတ်(၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ဘဒ္ဒန္တပညာဝံသ၊ သာသနာ့အောင်လံမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၈) ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ လယ်တီမူရိပ်သာကျောင်းတိုက်၊ အမှတ်(၁၀) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တဝိလာသ၊ ဓမ္မရုံသီရိပ်သာကျောင်း၊ ကျားပျံကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၀။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာ၊ ရေကြည်ကုန်းကျောင်းတိုက်၊ ငါးဖားကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တဃောသိတ၊ လိပ်ဥကုန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အမှတ်(၁၈)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကျော်ဇေယျ၊ No.PSHM ( 3 )၊ တစ်ကေအထူးမြေကွက်၊ ရာဇသင်္ဂဟလမ်း၊ မင်္ဂလာဒီပ ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးဘရန်မိုင်၊ အမှတ်(၁၆၂)၊ ၂၂ လမ်းနှင့် ၈၂ လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဦးကျော်ဖေ၊ အမှတ်(၁၁)၊ မနော်ဟရီလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးမြင့်စိုးထွန်း၊ အမှတ်(၆၈)၊ လှိုင်မြင့်မိုရ်(၂)လမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ဝါဝါလှိုင်၊ အမှတ်(ဒ-၃၁၉၃၅)၊ အာသာဝတီ(၆)လမ်း၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဒေါ်မူမူစန်း၊ အမှတ်(၈၂၉/၈၃၀)၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၃။ ဒေါ်မြင့်မြင့်ရီ၊ အမှတ်(၃၂)၊ (၁၁၅)လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းထောင့်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်အေးမြင့်(ခ) Lim Pou Kin ၊ အမှတ်(၁၃၀၁)၊ တာဝါ-အေ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်လှဝင်း၊ အမှတ်(၂၁-ဒီ)၊ သုခဝတီလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်ချောစုမြတ်၊ အမှတ်(၄၄)၊ ဆရာစံလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးကုဋေကျော်၊ (A-454)၊ မြမေတ္တာလမ်း၊ ထန်းတပင်(VIP) ရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

၂။ ဦးအောင်စေသော်၊ အမှတ်(၉၀၁)၊ Crystal Tower, ကျွန်းတောလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးမျိုးဝင်းညွန့်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဦးတင်လှိုင်၊ အမှတ်(၅/၈)၊ ဗိုလ်ချုပ်လမ်းမကြီး၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

### သီဟသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ဝင်းမာ၊ အမှတ်(၄၂)၊ ကင်ပွန်းခြံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ဒေါ်ဇာခြည်ဝင်း၊ အမှတ်(ဒ-၃/၅၅)၊ (၆၃) လမ်း၊ ၃၇ x ၃၈ လမ်းကြား၊ မဟာမြိုင်အပိုင်း (၂)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဒေါ်အိအိထွေး၊ အမှတ်(၁၁၀)၊ ကျိုက္ကမီလမ်း၊ ရခိုင်ကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄။ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်ဘုတ်ဆုံ၊ အမှတ်(၁၀/ဘီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဒေါ်ဖြူဖြူလွင်၊ အမှတ်(ဘီ-၁၀၇)၊ အုတ်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ဒေါ်သန္တာစံ(ခ)ဒေါ်သန္တာစန်း၊ အမှတ်(၅/၇၁)၊ အောင်တေဇလမ်း၊ ကုန်းမြင့်ရိပ်သာ၊ အမှတ်(၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးအောင်လင်းနိုင်၊ အမှတ်(၁၂) လမ်းမတော်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၂။ ဦးတင်အောင်မိုး၊ အမှတ်(၇)၊ သံဃတက္ကသိုလ်လမ်း၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ဦးဇော်မိုးအောင်(ခ)မဂ္ဂသန်း၊ အမှတ်(၂၅၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဒေါက်တာသန်းထွန်းဦး၊ အမှတ်(၄၅)၊ (၁၄)လမ်း၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ဦးချမ်းကျော်ကျော်ပိုင်၊ အမှတ်(၁၁၁)၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၅ သို့ ◌

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ္စဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ္စဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◎ စာမျက်နှာ ၄ မှ

သုခမ္ပတ္တိဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်မြတင်၊ အမှတ်(၃/၄၆၀)၊ မဲဘောင်ကျောင်းလမ်း၊ အမှတ်(၃) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ ဒေါ်သန်းသန်းဌေး(ခ)ဒေါ်ခင်တာ၊ အမှတ်(၁)၊ တမာတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး

၃။ ဒေါ်မေသိန်း၊ လမ်း(၈၀)၊ ၉၁x၁၀လမ်းကြား၊ သုခဲ့ဈေးရပ်၊ အမရဌာနီ အနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဒေါ်ဝင်းကြည်၊ ဖျောက်ဆိပ်ကုန်းသံရည်ကျိုရပ်၊ နတ်ရေကန်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဒေါ်ကြည်ကြည်မြင့်၊ အမှတ်(၄၃-င)၊ (၂၂)လမ်း၊ ၈၉x၉၀ လမ်းကြား၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဒေါ်နီလာခင်၊ တတ-၁၂၊ အမှတ်(၇၃)၊ ၆၃(B)လမ်း၊ ၁၂၅ x ၁၂၆ လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဒေါ်ဝေဝေနှင်း၊ အမှတ်(၂၅-က)၊ ဆိုင်းတန်းရပ်၊ (၂၆)လမ်း၊ ၈၈ x ၈၉ လမ်းကြား၊ သီရိဟေမာ အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဒေါ်ဝင်းဝင်းဌေး၊ အမှတ်(၈၅၄)၊ (၁၀၄)လမ်း၊ ၇၈ x ၈၂ လမ်းကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ဒေါ်ဝါဝါထိန်၊ (၇၈)လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ကဥ္စနမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါ်သန်းသန်းကြည်၊ အမှတ် - ၁၃၅ (A-3)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဒေါ်ခင်ပြည့်ပြည့်ဖြိုး၊ အမှတ်(၇၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ဒေါ်ချိုလှဲ့ယဉ်ဝင်း၊ အမှတ်(၁၄၀)၊ ဗိုလ်ဗထူးလမ်း၊ မြကန်သာရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဝါးနက်ဆင်စခန်းမှ ဆင်ပေါက်ကလေး ငြိမ်းချမ်းဦး တစ်နှစ်ပြည့်မွေးနေ့ ပြုလုပ်



**မန္တလေး ဇန်နဝါရီ ၅**

မန္တလေး-ပြင်ဦးလွင်ကားလမ်း၊ ၁၆ မိုင်ဂိတ်မှ ၅ မိုင်ခန့်အကွာရှိ ဝါးနက်ဆင်စခန်းတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က မွေးဖွားခဲ့သည့် ဆင်ပေါက်ကလေး ငြိမ်းချမ်းဦးသည် ၂၀၂၅ ခုနှစ်၊ဇန်နဝါရီ ၄ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်၍ မွေးနေ့ပွဲပြုလုပ်ပေးခဲ့ကြောင်း ဆင်စခန်းတာဝန်ခံကပြောသည်။

အဆိုပါ ငြိမ်းချမ်းဦး ဆင်ကလေးကို ဆင်စခန်းမှ တစ်မိုင်ခန့်အကွာတွင်ရှိသော ပုံမှန်ဆင်စားကျက်အတွင်း ဆင်မိခင် ငြိမ်းချမ်းစောမှ မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးဖွားချိန်မှာ နံနက် ၄ နာရီကျော်က ဖြစ်သည်ဟုဆိုသည်။

"ပုံမှန်ဆင်စားကျက်အတွင်းမှာ လွတ်လပ်ရေးနေ့က မွေးဖွားခဲ့တာပါ။ ဒီနှစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ တစ်နှစ်ပြည့်ပြီဖြစ်လို့ သူ့အတွက် အလှူရှင်တွေနဲ့အတူ မွေးနေ့ပွဲလုပ်ပေးခဲ့ပါတယ်။ အလှူရှင်တွေက မောင်သူရဝင်းရဲ့ ၁၂ နှစ်ပြည့်မွေးနေ့အဖြစ် လာရောက်ပြီး ဆင်ဘူဖေးနဲ့အတူ ဆင်ကလေးမွေးနေ့ပွဲ လုပ်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ငြိမ်းချမ်းဦး ဆင်ပေါက်ကလေးသည် လိမ္မာသောဆင်ကလေးဖြစ်ပြီး လူနှင့် ထိတွေ့မှုယဉ်ပါးသောကြောင့် လာရောက်သည့် ဧည့်သည်များက သဘောကျနှစ်သက်ကြကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်နေ့ကလည်း ဆင်ကလေးတစ်ကောင်မွေးဖွားခဲ့သဖြင့် ဝါးနက်ဆင်စခန်းတွင် စုစုပေါင်း ဆင်ပေါက်ကလေး ၂ ကောင်ရှိလာပြီဖြစ်ကြောင်းသိရသည်။

"ဆင်စခန်းဝန်ထမ်းတွေက ဆင်တွေရဲ့ ကျန်းမာရေးကစလို့ အားလုံးကို အမြဲဂရုစိုက်ပါတယ်။ လူမှုကွန်ရက်မှာ ငြိမ်းချမ်းဦးကို ချော့သိပ်နေတဲ့ ရုပ်သံ တော်တော်ပျံ့နှံ့သွားပြီး လာတဲ့ဧည့်သည်တွေလည်း များလာပါတယ်။ နောက်မွေးတဲ့ ဆင်ကလေးကို ငြိမ်းချမ်းအောင်လို့ အမည်ပေးထားတယ်။ ဝင်ကြေးအဖြစ် ငွေကျပ် တစ်ထောင်ဖြစ်ပြီး ဆင်စီးခရီးတို ၁၅ မိနစ်လျှင် ငွေကျပ် ၃၀၀၀ နဲ့ ခရီးရှည်မိနစ် ၃၀ လျှင် ငွေကျပ် ၅၀၀၀ ပါ"ဟု ဆက်လက်ပြောကြားသည်။

ဝါးနက်ဆင်စခန်းတွင် ဆင်အကြီး ၈ ကောင်နှင့် ဆင်ပေါက်ကလေး ၂ ကောင်၊ စုစုပေါင်း ၁၀ ကောင်ရှိလာပြီဖြစ်ပြီး လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဖျော်ဖြေမှုဝန်ဆောင်ပေးလျက်ရှိရာ အဆိုပါ ဆင်များအတွက် တစ်နပ်စာ သီးနှံစုံဘူဖေးအတွက် ငွေကျပ် ၁၀၀၀၀၀ ဖြင့် ဆင်စာကျွေးမွေးနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀

၀-၀-၀-၀-၀

## အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**သရက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းရာပြည့်ခန်းမ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် Grade-11 မှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါတယ် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားပေးကာ သရက်ခရိုင်တာဝန်ခံပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်ဦးတို့က ပညာရေးလမ်းညွှန် အမှာစကားပြောကြားပေးခဲ့သည်။ ထို့နောက် ကျောင်းအကျိုးဆောင် ဦးဇော်ညွန့်ဦးက ကျောင်းစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးအောင်က ကျေးဇူးတင်စကားပြောကြားပေးခဲ့ပြီး Grade-6 ကျောင်းသား၊ ကျောင်းသူများက စည်းလုံးခြင်းအတွက်သီချင်းဖြင့် သီဆိုဖျော်ဖြေပေးခဲ့ပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ခရိုင်တာဝန်ခံပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူ အသီးသီးက ဆုများချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများမှ သီချင်းများဖြင့် သီဆိုဖျော်ဖြေပေးခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဖူလ်ဟမ် | ၂ | - ၂ | အစ်ဆွစ်ချ် |
| လီဗာပူး | ၂ | - ၂ | မန်ယူ |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| မွန်ဇာ | ၁ | - ၂ | ကယ်ဂလီယာရီ |
| လက်ချီ | ၀ | - ၀ | ဂျီနိုအာ |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ဆန်းဒါးလန်း | ၁ | - ၀ | ပို့မောက်စ် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လန်းစ် | ၀ | - ၁ | တူးလော့ |
| အန်ဂါစ် | ၂ | - ၀ | ဘရက် |
| စထရာဘို | ၃ | - ၁ | အော်ဇေး |

# တစ်ချိန်က မျက်ပါးရပ်(သို့မဟုတ်)တန်းနှင့် အဆုံးသတ်သော မန္တလေးက ရပ်ကွက်များ

မန္တလေးသည် အညာဒေသ၏ မြို့တော်၊ ထင်ရှားစည်ကားသော မြို့တော်၊ ယဉ်ကျေးပျူငှာသောမြို့တော် ဖြစ်သည်။ "ရွှေခြေကျင်းနှင့် မန္တလေး"၊ အမျိုးသမီးများက "ကျွန်တော်၊ ခင်ဗျား ပြောသော မန္တလေး"၊ ဈေးချိုသူများက ဈေးဝယ်လာသူ အမျိုးသားများကို "မောင်ကြီး" ဟု ခေါ်ခဲ့သော မန္တလေး၊ ထိုးမုန့်ဝယ်သူသည် ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ "အမြည်းစားနိုင်သော မန္တလေး"၊ မုန့်ဟင်းခါး ဝယ်စားပြီးနောက် "မုန့်ဟင်းခါးရည် အပိုတောင်းလေ့ရှိသော မန္တလေး" တစ်လမ်းနှင့် တစ်လမ်းကို တစ်ပြ၊ နှစ်ပြဟု သုံးနှုန်းခေါ်ဆိုသော မန္တလေးသည် ရှေးရိုးဆန်သည်ဟု ဆိုချင်ဆိုပါစေ။ ချစ်စရာဓလေ့များသည် မန္တလေးတွင် အမှန်တကယ် ရှိခဲ့သည်။ အချို့ကွယ်ပျောက်သွားပြီး အချို့မှာ ယနေ့ထိ ကျန်ရှိနေပါသေးသည်။ ၎င်းတို့အနက် ရပ်ကွက်အမည်များ မှည့်ခေါ်ရာတွင်လည်း နေထိုင်သူတို့၏ လုပ်ငန်းသဘာဝအရ ခေါ်ဆိုခဲ့ကြသည်ကို တွေ့ရသည်။

မန္တလေး(ရတနာပုံ)ကို မင်းတုန်းမင်းကြီးက စနစ်ကျစွာ မြို့တည်ခဲ့သည်။ မြို့သစ်တည်ရေးတွင် စိတ်အားတက်ကြွစွာ မင်းတုန်းမင်းကိုယ်တိုင် ဝါယမစိုက်သည်။ နန်းတော်မြို့ရိုးကို ရံလျက် လေးပြင်လေးရပ်တွင် အရပ်(ရပ်ကွက်ကြီး) ၅၄ ခု ပိုင်းခြားသတ်မှတ်ခဲ့ပြီး အရှေ့ပြင်တွင် ၇ ရပ်ကွက်၊ တောင်ပြင်၌ ၁၃ ရပ်ကွက်၊ အနောက်ပြင်၌ ၂၉ ရပ်ကွက်၊ မြောက်ပြင်၌ ၅ ရပ်ကွက် ရှိသည်။ လူနေရပ်ကွက်များချထားရာ၌ လေးထောင့်ကျစွာ ဖွဲ့စည်းထားပြီး တစ်လမ်းနှင့် တစ်လမ်းကို "ပြ" ဟူသော အသုံးအနှုန်းဖြင့် တစ်ပြ၊ နှစ်ပြဟုခေါ်ဆိုခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ရပ်ကွက်များကိုလည်း နေထိုင်သူ အစုအဖွဲ့များအလိုက်၊ နေထိုင်သူတို့၏ လုပ်ငန်းအမျိုးအစားအလိုက်၊ အမည်တပ်၍ မှည့်ခေါ်ခဲ့ကြသည်။ မင်းတုန်းမင်းကြီး မြို့တည်စဉ်က အနောက်ပြင်အပိုင်းအခြားရှိ အောင်နန်းရိပ်သာရပ်ကွက်ကြီးအတွင်း၌ ကြက်သွန်တန်း၊ ထန်းလျက်တန်း၊ ငါးပိတန်း၊ အိုးတန်း၊ ပွတ်တန်း၊ ချင်းတန်း၊ ခဲလံတန်း စသဖြင့် လုပ်ငန်းအလိုက် ရပ်ကွက်အမည်များဖြင့် ယနေ့တိုင် ခေါ်တွင်မပျက် တည်ရှိနေဆဲ တွေ့ရသည်။

မျက်မှောက်ကာလတွင် နေထိုင်မှုလုပ်ငန်းသဘာဝများက ခေတ်ရေစီးကြောင်းအတိုင်း အပြောင်းအလဲများအကြား မန္တလေးသည်လည်း လူးလွန့်မျောပါလျက်ရှိသည်။ အချို့သော ရပ်ကွက်များသည် မူလလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိတော့သကဲ့သို့ ရှေးကနေထိုင်သူများသည်လည်း ရွေကြည်ရာ မြက်နုရာ ပြောင်းရွှေ့သွားကြသည်ဖြစ်ရာ နောင်းလူတို့လက်ထက်၌ ရပ်ကွက်အမည်သစ်များ ပေးလာကြသည်။ သို့သော် ရှေးအမည်များဖြင့် ဆက်လက်ခေါ်တွင်နေသော ရပ်ကွက်များစွာ ကျန်ရှိနေပါသေးသည်။ မမြင်နိုင်၊ မခန့်မှန်းနိုင်သော အနာဂတ်တွင် သင်္ခါရသဘောတရားအရ အပြောင်းအလဲများ ရှိလာနိုင်သည်။

ပြောင်းလဲခြင်းသဘောတရားအရ ယနေ့ မန္တလေးတွင် နေအိမ်အဆောက်အအုံများ၊ စားသောက်မှုပုံစံများ၊ သွားလာမှုပုံစံများသည် ရှေးကနှင့် မတူတော့ပါချေ။ နည်းပညာထွန်းကားတိုးတက်ခြင်းသည် လူနှင့်လူ့ပတ်ဝန်းကျင် အပြောင်းအလဲများ ဖြစ်ပေါ်စေပြီး ယနေ့မန္တလေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ "ရှေးထုံးကို မပယ်နှင့်၊ ဈေးသုံးကိုလည်း မကြွယ်နှင့်" ဆိုသကဲ့သို့ ၃၈လမ်းနှင့် ၄၁လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်း(သံလမ်း)ကြား မြို့လယ်(Down Town) ဧရိယာအတွင်း၌ ရှေးထုံးကိုမပယ်ဘဲ ရှေးကရပ်ကွက်အမည်အတိုင်း လမ်းထိပ်တွင် ကမ္ပည်းထိုးထားသည်ကို တွေ့ရသည်။

ထိုဧရိယာအတွင်း ၄၁လမ်းမှ မြောက်ဘက်သို့ အစဉ်အလိုက် ရပ်ကွက်အမည်များမှာ ဘီးတန်း(လမ်း ၄၀နှင့် ၄၁လမ်းကြား)၊ ပုတီးတန်း(၃၉လမ်းနှင့် လမ်း၄၀ကြား)၊ ကြိုးတန်း(၃၈လမ်းနှင့် ၃၉လမ်းကြား)ဖြစ်ပြီး ထိုအမည်များမှာ ရပ်ကွက်နေသူများ၏ စားဝတ်နေရေးလုပ်ငန်းများအရ ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ၃၈လမ်းတောင်ဘက်တွင် တန်းနှင့်ဆုံးသော ရပ်ကွက်အမည်မရှိတော့ဘဲ ၇၉လမ်းနှင့် လမ်း၈၀ကြား၊ ၄၁လမ်းမှ မြောက်ဘက်ရှိ ရပ်ကွက်များမှာ လမ်း၄၀နှင့် ၄၁လမ်းကြားတွင် လှေတန်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြားတွင် မှန်တန်းဟူ၍ ရှိကြောင်း သိရသည်။

"မင်းတုန်းမင်းလက်ထက်က ဒီရပ်ကွက်တွေ ရှိတဲ့နေရာကို ရပ်ကွက်အမည်ပေးခဲ့တာက ဟေမမာလာလို့ အမည်ပေးခဲ့တယ်။ လက်ရှိမှာ ရပ်ကွက်ကြီးအနေနဲ့ပြောရရင် ဟေမမာလာ(တောင်)ရပ်ကွက်ထဲ ပါတာပေါ့။ အရင်က ဟေမမာလာလို့ပဲ ခေါ်တယ်။ တောင်၊ မြောက် မခွဲဘူး။ ၁၉၆၂ ဝန်းကျင်လောက်ကမှ ဟေမမာလာတောင်နဲ့မြောက်ဆိုပြီး ခွဲလိုက်တာ။ ၇၈လမ်းနဲ့ ၇၉လမ်းကြား၊ ၃၅လမ်းကနေ ၄၁လမ်းအတွင်း မျက်ပါးရပ်လို့ ခေါ်ခဲ့တယ်။ မျက်ပါးရပ်ဆိုတာက ရွှေဆိုင်းခတ်သူတွေ အများဆုံးရှိတဲ့အရပ်ပေါ့။ မျက်ပါးရပ်လို့ပြောရင် ဘီးတန်းထိ အကျုံးဝင်လို့ မျက်ပါးရပ်တောင်ဖျားလို့ ခေါ်ခဲ့ကြတယ်။ ခုတော့ မျက်ပါးရပ်က သီးသန့်ဖြစ်သွားပြီး ဒီဘက်အခြမ်းတွေ မပါတော့ဘူး"ဟု ဘီးတန်းရပ်ကွက်တွင် နေထိုင်သူ အသက် ၇၈နှစ် အရွယ်ရှိ ဘဘဦးထွန်းချွန်က ရှင်းပြသည်။




များသောအားဖြင့် အချို့ရပ်ကွက်များ၌ မန္တလေးအခေါ် တစ်ပြအတွင်း လမ်းသွယ်(ဒူးကြားလမ်း)ဟူ၍ လမ်းနှစ်သွယ်ရှိသည်ကို တွေ့ရသည်။ ဘီးတန်းဟု ခေါ်ဆိုသည့် ရပ်ကွက်တွင် လမ်းသွယ်နှစ်ခုရှိသဖြင့် ဘီးတန်းနှင့် မဟာဘီးတန်းဟူ၍ အမည်သစ် ပေးထားသည်ကို တွေ့ခဲ့ရသည်။ ဘီးတန်းဟုခေါ်ဆိုခြင်းသည် ဦးခေါင်းမှ ဆံပင်များ ရှင်းလင်းပြင်ဆင်သည့် ဘီးများပြုလုပ်သူများ နေထိုင်ခြင်း၊ ပုတီးတန်းမှာ ဘာသာရေးအသုံးအဆောင်ဖြစ်သည့် ပုတီး(စိတ်ပုတီး)များ ပြုလုပ်သူများ နေထိုင်ခြင်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားအပေါ် မူတည်ကာ လွယ်လွယ်ကူကူ ခေါ်ဆိုကြရာက အမည်တွင်သွားခြင်းဟု ဆိုရပေမည်။ ကြိုးတန်းဟု ခေါ်ဆိုခြင်းအပေါ် ဦးထွန်းချွန်ကိုယ်တိုင် မသိဟုဆိုလာခြင်းကြောင့် ထပ်မံစုံစမ်းရန် ကျန်နေသေးသည်။

"ကျွန်တော်ကြားဖူးသလောက်ပြောရရင် ဂျပန်ခေတ်က ၇၈လမ်းပေါ် ကျွန်တော်တို့ လမ်းထိပ် ထွက်လိုက်ပြီး တောင်ဘက်တစ်ကွက်ငုပ်လောက်မှာ ရှေးခေတ်က ဘီးလုပ်တဲ့ စက်ရုံရှိခဲ့တယ်တဲ့။ ကျွန်တော်တော့ မမီလိုက်ဘူး။ ဘီးခုတ်တယ်လို့ ခေါ်တယ်။ အဲဒါကို အစွဲပြုပြီး ဘီးတန်းဖြစ်လာသလို နောက်ပိုင်းမှာ မြန်မာတွေကလည်း တစ်ပိုင်တစ်နိုင် ဘီးလုပ်ပြီး ရောင်းကြတယ်။ ဘီးမှာ ဝါးဘီး၊ အသားဘီး၊ဆင်စွယ်ဘီးဆိုပြီးရှိတယ်။ ဆင်စွယ်ဘီးလို့ ပြောပေမယ့် ဆင်စွယ်ကိုလုပ်တာမဟုတ်ဘဲ အမဲသား၊ အမဲရိုးတွေကို ပြုတ်တယ်။ ဆေးကြောသန့်စင်ပြီး ဆင်စွယ်ဘီး လုပ်ရောင်းကြတာပေါ့။ ပုတီးတန်းဆိုတာ ပုတီးလုပ်ကြတယ်။ ပုတီးလုပ်ရင် ပွတ်တဲ့အသားနဲ့ လုပ်တယ်။ အဘငယ်ငယ်က ပုတီးလုပ်ခဲ့ဖူးတယ်"

အဘဦးထွန်းချွန်သည် ကုန်သွယ်ရေး(၁၀) ဆေးနှင့် ဆေးပစ္စည်းဌာနတွင် အလုပ် လုပ်ကိုင်ခဲ့ပြီး ယင်းနောက်ပိုင်း ဆေးကုမ္ပဏီများတွင် လုပ်ခဲ့သည့်အပြင် ထိုခေတ်အချိန်က ရပ်ကွက်သမဝါယမအသင်းများရှိရာ သမဝါယမအသင်း အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ အဘအသက် ၇၈နှစ် ရှိပြီဖြစ်၍ ဂျပန်ခေတ်က ဘီးလုပ်သည့် စက်ရုံရှိခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးရှိခဲ့ပြီဟု ယူဆရမည် ဖြစ်သည်။ နှစ်ပေါင်းများစွာကတည်းက မန္တလေးတွင် ဘီးလုပ်သည့် လုပ်ငန်းရှိခဲ့ပြီး Made in Myanmar အိမ်တွင်းမှုထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ဘဘ လူပျိုအရွယ်ရောက်ချိန်တွင် ထိုဘီးတန်းရပ်ကွက်တွင် ဘီးလုပ်သူမရှိတော့ဘဲ ရက်ကန်းလုပ်ငန်းသုံး ယသွား(ယင်းသွား)လုပ်ငန်း လုပ်ကိုင်ကြသည်ဟု သိရသည်။

"ရက်ကန်းစင်တွေမှာသုံးတဲ့ ယသွား(ယင်းသွား) ဆိုတာရှိတယ်။ အတိုင်ချည်ထည့်တာပေါ့။ အဲဒီဟာတွေ ရက်တာက ဒီရပ်ကွက်ကလုပ်ကြတယ်။ ရှေးတုန်းက နိုင်ငံခြားကနေ အသစ်ရယ်လို့ မဝင်လာတော့ အဟောင်းတွေကိုပဲ ပြင်ဆင်သုံးကြတာ။ အပေါက်တွေပြင်ရတဲ့ ယသွား(ယင်းသွား)လုပ်ငန်းက ဒီရပ်ကွက်မှာ နှစ် ၃၀ နီးပါးလောက် လုပ်ခဲ့ကြတယ်။ ယသွား(ယင်းသွား)နဲ့ ဘီး(ခေါင်းဘီး) သဘောက နီးစပ်တဲ့ သဘာဝ ရှိတယ်။ ပလိပ်ချည်မျှင်စက်တို့ အမရပူရက ရက်ကန်းလုပ်ငန်းတွေကလာပြီး အလုပ်အပ်ကြတာပါ။ ယသွား(ယင်းသွား)လုပ်ငန်းပြီးတဲ့နောက် ဒီရပ်ကွက်မှာ ဝန်ထမ်းတွေနဲ့တစ်ခြား လုပ်ငန်းလုပ်တဲ့သူတွေပဲ ရှိတော့တယ်"ဟု ဘဘ ဦးထွန်းချွန်က ပြောသည်။

မန္တလေး၏ ရပ်ကွက်အမည်များမှာ ရပ်ကွက်နေသူများ ပေးထားသော အမည်နာမ(သို့မဟုတ်) လုပ်ငန်းသဘာဝအရ ခေါ်ဆိုသော အမည်နာမများ တွေ့ရသည်။ ယနေ့ အသက် ၄၀ ကျော်နှင့် အထက်ရှိသူများသည် မန္တလေးသူ၊ မန္တလေးသားတို့က သွားလိုသည့် ရပ်ကွက်အမည်ကို ပြောလျှင် တည်နေရာညွှန်ပြပေးနိုင်သည်။ ယင်းအသက်အောက်ရှိသူများမှာ ရပ်ကွက်အမည်နှင့်တွဲ၍ မြေပြင်တည်နေရာကို သိသူနည်းပါးသွားပြီဖြစ်သည်။ လမ်းနံပါတ်၊ လိပ်စာဖြင့်သာ လမ်းညွှန်နိုင်ကြသည်။

မြို့ပြဖွဲ့စည်းပုံအရ မြို့တွင်းလမ်းများကို မြောက်မှ တောင်၊ အရှေ့မှ အနောက်ဘက်သို့ နံပါတ်စဉ် ငယ်ရာမှ ကြီးရာ သတ်မှတ်၍ လမ်းနံပါတ်များ ရေးသားစိုက်ထူထားသဖြင့် တည်နေရာကို လွယ်ကူစွာ ရှာဖွေနိုင်ခြင်းက ရပ်ကွက်အမည်များကို မေ့ပျောက်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

ခိုင်ဆက်ဝေ



## အဆုတ်ထဲ၌ အက်စပါတိတ်ပမာဏများခြင်းကြောင့် ကင်ဆာဆဲလ်များ အလျင်အမြန် ပွားလာနိုင်သည်ဟု ဆို



ဘယ်လ်ဂျီယံနိုင်ငံ လျူဗင်တက္ကသိုလ် ကင်ဆာဇီဝဗေဒဌာနမှ ပါမောက္ခဆာရာမာရီယာဖင့် ဦးဆောင်သော ပညာရှင်များသည် အဆုတ်ကင်ဆာရောဂါနှင့်ပတ်သက်၍ သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ ကိုယ်ခန္ဓာအတွင်းရှိ အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်သော အက်စပါတိတ်ပမာဏအဆုတ်ထဲ၌ များနေခြင်းကြောင့် ကင်ဆာဆဲလ်များ အလျင်အမြန် ပွားလာနိုင်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

လူ့ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သော အဆုတ်ထဲရှိ ပရိုတိန်းများအတွင်း၌ အဆိုပါအက်စပါတိတ်ဓာတ်ပစ္စည်းများရှိနေကြသည်။

၎င်းတို့၏ ပမာဏပုံမှန်ဖြစ်နေခြင်းသည် ပြဿနာမဟုတ်သော်လည်း ရှိသင့်သည်ထက် ပိုများလာလျှင်မူ အဆုတ်ကင်ဆာရောဂါကို အလျင်အမြန် ဆိုးရွားလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)



## Django ရုပ်ရှင်ထဲမှ Dr King Schultz မှာ စံပြုရမည့် ဇာတ်ကောင်ဖြစ်

ဒါရိုက်တာ တီရန်တီနို၏ ရုပ်ရှင်ကားတွင် ဒေါက်တာ ကင်းဆူယူဟတ်ဇ်မှာ စံပြုရမည့် ဇာတ်ကောင်ဖြစ်ပြီး ကိုယ်ပိုင်ကွန့်မြူးမှုနှင့် အလှပဆုံးပေါင်းစပ်ထားကာ ရက်ပ်ဂီတနှင့် လူဖြူများကို ချိုးနှိမ်ထားသည့်အတွက် အရသာရှိသော ရုပ်ရှင်အဖြစ် ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသားအရောင်ခွဲခြားသည့် လူဖြူများ ကြီးစိုးသည့်ခေတ်တွင် ဒေါက်တာကင်းဆူယူဟတ်ဇ်က ဆရာတစ်ဆူဖြစ်ခဲ့ပြီး ကျွန်ဇာတ်သွင်းခံရသည့် လူမည်းတစ်ဦးနှင့် ပေါင်းမိကာ လူဖြူများနှိမ်နင်းဖမ်းဆီးအမဲလိုက်၍ ကြေးစားများအဖြစ် မတရားမှုကို ဖြေရှင်းပေးခဲ့ကြသည်။

ဒေါက်တာကင်းဆူယူဟတ်ဇ်ဇာတ်ရုပ်မှာသွေးအေး၍ အန္တရာယ်ကြားမှ လွတ်အောင်ရန်းထွက်ကာ လူသားဖြစ်နေရမှု အခိုက်အတန့်အတွက် အလှပဆုံးသောအပြုအမူများနှင့် နိဂုံးချုပ်လေ့ရှိကာ ပြောင်မြောက်လွန်းသည့် သရုပ်ဆောင်မှုကြောင့် အော်စကာဆုပင်ရရှိခဲ့သည့် ပရိသတ်အတွက် စံပြုထိုက်သည့် ဇာတ်ကောင်ဖြစ်ခဲ့သည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Chae Sira ၏ ညီမ Chae Gook Hee က Squid Game တွင် အစွမ်းပြထား

နာမည်ကြီးမင်းသမီး ချာဆီရာ၏ ညီမဖြစ်သူ ပြဇာတ်မင်းသမီး ချာဂူဟီးသည် Squid Game တွင် သူ၏အနုပညာစွမ်းရည်ပြသထား၍ လူကြိုက်များခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ပြဇာတ်မင်းသမီး ချာဂူးဟီးသည် သရုပ်ဆောင်ပိုင်နိုင်၍ World Of Marriage တွင်လည်း လူမုန်းများခဲ့ကာ Squid Game တွင်လည်း အနုပညာအစွမ်းပြသထား၍ ပရိသတ်သတိထားမိသော ဇာတ်ကောင်တစ်ဦး ဖြစ်ခဲ့သည်။

ချာဂူဟီးမှာ ဇာတ်ကောင်များစွာ ရိုက်ကူးလေ့ရှိသူမဟုတ်ဘဲ ပြဇာတ်လောကတွင်သာ ကျင်လည်ခဲ့ရာ အစ်မဖြစ်သူ ချာဆီရာမှာ နာမည်ကြီးမင်းသမီးစာရင်းဝင်ဖြစ်ခဲ့သည်။ (SKY)



## Sreeleela တက်သစ်စ တောင်ပိုင်းမင်းသမီးလေး Pushpa 2 တွင် ပါဝင်ထား

ဒီဇင်ဘာ ၅ ရက်နေ့တွင် ရုံတင်ပြသခဲ့သည့် Pushpa ရုပ်ရှင်အဆက် Pushpa 2 ; The Rule တွင် တက်သစ်စ တောင်ပိုင်းမင်းသမီးလေး စရီလီလာ ပါဝင်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဒါရိုက်တာ ဆူကူမာက ရိုက်ကူးထားပြီး အာလူးအာဂျွန်၊ ရပ်ရှ်မီကာမန်ဒန်နာ၊ ဖာရတ်ဖာဆေးလ်၊ ရီယိုယာမက်ရှ်၊ အန်ဆူရာတို့အပြင် တက်သစ်စတောင်ပိုင်း မင်းသမီးလေး စရီလီလာလည်း ပါဝင်ထားသည်။

ပထမရက်ရုံတင်ဝင်ငွေ ရူပီးကုဋေ ၂၇၀ နှင့် စံချိန်တင်ရုပ်ရှင်ဖြစ်ခဲ့ပြီး ဘာသာစကား ၆ မျိုးနှင့် ကမ္ဘာတစ်ဝန်းပြသခဲ့ရာ ဝင်ငွေစံချိန်ထပ်ချိုး၍ အိန္ဒိယရုပ်ရှင်သမိုင်းတွင် ကုဋေတစ်ထောင်အမြင့်ဆုံးရရှိသည့်ရုပ်ရှင်ဖြစ်ခဲ့ပြီး အမိရ်ခန်း၏ Dangal မှာ ကုဋေနှစ်ထောင်ကျော် ရရှိထား၍ ယင်းစံချိန်ကျော်/မကျော်ကို စောင့်ကြည့်နေကြသည်။

(SKY)



## ဂျူးလိယက်မင်းသမီး Olivira Hussey ကွယ်လွန်

ကမ္ဘာကျော် ရိုမီယိုနှင့် ဂျူးလိယက်မင်းသမီး အိုလီဗီယာဟတ်စေးသည် အသက်(၇၃)နှစ်နှင့် အမေရိကန်နိုင်ငံတွင် ကွယ်လွန်သွားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အိုလီဗီယာဟတ်စေးသည် အင်္ဂလန်နိုင်ငံတွင် ကြီးပြင်းခဲ့ပြီး အာဂျင်တီးနားတွင် မွေးဖွားခဲ့ကာ အသက်(၁၅)နှစ်နှင့် ရိုမီယိုနှင့် ဂျူးလိယက်တွင် ပါဝင်၍ ရွှေကမ္ဘာလုံးဆု ရရှိခဲ့သူဖြစ်သည်။

အိုလီယာဟတ်စေး ပါဝင်ထားသည့် မယ်တော်မာရီဇာတ်ကားမှာလည်း နာမည်ကျော်ခဲ့ကာ ရုပ်ရှင်ကားများစွာတွင် ပါခဲ့သူဖြစ်သည်။ သူ့ဘဝတွင် ကြီးမြတ်သော အရာအားလုံးကို လက်ခံခဲ့သူဖြစ်ပြီး နောက်ဆုံးဘဝနေဝင်ချိန်ကို ကျော်ဖြတ်သွားခဲ့သည်။

(SKY)

## Black Pink မှ Jisoo ကို ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ် သတ်မှတ်ခံရ

ကမ္ဘာ့အလှဆုံးအမျိုးသမီး စာရင်းကို Nubia မဂ္ဂဇင်းက ၅ လကြာ မဲစနစ်နှင့် ရွေးချယ်ဖော်ပြခဲ့ရာ မဲအရေအတွက် ၉ သိန်းကျော်ရရှိပြီး ဘလက်ခ်ပင့်မှ ဂျီဆိုက ထိပ်ဆုံးနေရာရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အချောအလှမင်းသမီးလေး ၁၀ ဦး စာရင်းတွင် ပထမနေရာ၌ ဂျီဆို၊ ဒုတိယနေရာ၌ တွိုက်စ်မှ တီဇူယူ၊ တတိယနေရာ၌ ဘလက်ခ်ပင့်မှ လီဆာတို့ ရရှိခဲ့ကြသည်။

ဂျီဆိုသည် Nubia မဂ္ဂဇင်းမှ ချီးမြှင့်ဂုဏ်ပြုသည့် ကမ္ဘာ့အလှဆုံးဂုဏ်ပုဒ်ကို သုံးနှစ်ဆက်တိုက် ရရှိထားပြီး ပွဲဦးထွက်ချိန်မှစ၍ သူ၏အလှတရားကို ပရိသတ် သတိထားမိခဲ့ကြသည်။

(SKY)

*-*-*-*-*-*-*



## Wulei ကို တရုတ်ပြည်၏ စံပြညီငယ်လေးဟု သတ်မှတ်ခံရ

တရုတ်အနုပညာရှင်လောကသို့ ကလေးသရုပ်ဆောင်အဖြစ် သုံးနှစ်သားမှစ၍ ပါဝင်ခဲ့ပြီး နာမည်တစ်လုံး ထူထောင်နိုင်ခဲ့သည့် ဝူလိန်ကို တရုတ်ပြည်၏ စံပြညီငယ်လေးဟု သတ်မှတ်ခံရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝူလိန်သည် အသက် ၃ နှစ်နှင့် သရုပ်ဆောင်လောကသို့ ဝင်ရောက်ခဲ့ကာ အနုပညာကို အဓိကထားသရုပ်ဆောင်သူဖြစ်ကာ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ဖွားဖြစ်၍ အသက် ၂၅ နှစ် ရှိပြီဖြစ်သည်။

ရှည်လျားသော အနုပညာလမ်းကို လျှောက်ခဲ့သော ဝူလိန် (ခေါ်)လီယိုဝူသည် ငယ်စဉ်ကပင် ကြော်ငြာစတားတစ်ဦးဖြစ်ခဲ့ပြီး The Legend and The Hero ဇာတ်လမ်းတွဲကို ငါးနှစ်နှင့် ရွေးချယ်ခံရကာ နီကျားလေးအဖြစ် ကျော်ကြားခဲ့ကာ ဆယ်နှစ်အထိ ရုပ်ရှင်နှင့် ရုပ်သံ ၃၀ ကျော် ရိုက်ကူးထားပြီး ကလေးသရုပ်ဆောင်ဆုနှင့် ၁၁ နှစ်တွင် Grand Slam ဆုကြီးရရှိထားသည်။

ဝူလိန်က ဆယ်ကျော်သက်အရွယ်တွင် ဇာတ်ပို့နေရာမှ အရွယ်ရောက်ချိန်တွင် ခေါင်းဆောင်မင်းသားအဖြစ် Pal Inn, Magic Star, Tomb of the Sea, Fights Break Sphere, Cross Fire, Love Like The Galaxy, Nothing But You စသည့် ဇာတ်ကားများ လက်ရှိအချိန်ထိ ရိုက်ကူးနေဆဲဖြစ်သည်။(SKY)



## မုတ်သုံကာလ အမှိုက်သရိုက်များ ရှင်းလင်းရာတွင် ဘာလီကမ်းခြေမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းပါဝင်

**ဂျကာတာ ဇန်နဝါရီ ၅**

လွန်ခဲ့သော မုတ်သုံကာလက စုပုံနေခဲ့သော အမှိုက်သရိုက်များကို ဇန်နဝါရီ ၄ ရက်၌ အပြီးသတ်ရှင်းလင်းရာတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကမ်းခြေမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းပါဝင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘာလီကျွန်း၏ တောင်ဘက်ခြမ်းရှိ ကေဒွန်ဂနန်ကမ်းခြေတစ်လျှောက်တွင် စေတနာ့ဝန်ထမ်းများ ရာနှင့်ချီ၍ စုဝေးကာ အမှိုက်များကောက်ယူရှင်းလင်းခဲ့ကြသည်။

ဘာလီကျွန်းဒေသခံများ၊ ဟိုတယ်၊ စားသောက်ဆိုင်များမှ ဝန်ထမ်းများ၊ ခရီးသွားဧည့်သည်များအပါအဝင် လူအင်အား ၆၀၀ ဦးခန့်တို့ ခြောက်ရက်အတွင်း ကောက်ယူခဲ့သော ပလတ်စတစ်ထုတ်ကုန်ပစ္စည်းအများစုပါဝင်သည့် အမှိုက်များမှာ စုစုပေါင်း ၂၅ တန်ခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုသည်။



ထိုအမှိုက်များကို မတ်လမှ နိုဝင်ဘာလအထိ ကမ်းခြေသို့လာရောက်ခဲ့သူများ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပလတ်စတစ်အမှိုက်ပြဿနာအကြီးမားဆုံး ကြုံတွေ့နေရသည့် နိုင်ငံများစာရင်းဝင်ဖြစ်ကြောင်း သိရသည်။

**Mon**



## အလယ်အလတ်ဝါဒီများနှင့် တွေ့ဆုံဆွေးနွေးပြီးလျှင် ဩစတြီးယားဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပေးမည်

**ဗီယင်နာ ဇန်နဝါရီ ၅**

မိမိအနေဖြင့် အလယ်အလတ်ဝါဒီများနှင့် တွေ့ဆုံဆွေးနွေးပြီးလျှင် ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်သည်ဟု ဩစတြီးယား ဝန်ကြီးချုပ် ရာကားလ်နေဟမ်းမား ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ညွန့်ပေါင်းအစိုးရ ပြိုကွဲသွားပြီးနောက် အဆိုပါနိုင်ငံရေးအင်အားစုဝင်များနှင့် ဆွေးနွေးကာ မိမိရာထူးမှ နုတ်ထွက်မည့်ကိစ္စ အတည်ပြုရန် စီစဉ်ထားကြောင်း ၎င်းက ရှင်းပြသည်။

လစ်ဘရယ်ဝါဒီများ၏ ထောက်ခံအားပေးမှုမရရှိခဲ့ရာမှ ယခင်က မျှော်မှန်းခဲ့သည့် ညွန့်ပေါင်းအစိုးရ ပြိုကွဲသွားသဖြင့် ၎င်းရာထူးမှ နုတ်ထွက်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။

လစ်ဘရယ်ဝါဒ စွဲကိုင်ထားသော နီယော့စ်ပါတီနှင့် လက်ယာဝါဒစွဲကိုင်ထားသော လွတ်လပ်ရေးပါတီတို့က ၎င်းဘက်မှ ရပ်တည်ပေးကာ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ပါဝင်ရန် ငြင်းဆန်ခဲ့ကြသည်။

တိုင်းပြည်စီးပွားရေး ပြန်လည်ကောင်းမွန်လာသည်အထိ နိုင်ငံရေးတည်ငြိမ်အောင် ညွန့်ပေါင်းအစိုးရပုံစံဖြင့် ကားလ်နေဟမ်းမားက စုစည်းစေလိုခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ကြာကတည်းက ရပ်တန့်နေခဲ့သော ဩစတြီးယားနိုင်ငံ၏ စီးပွားရေးသည် ကောင်းစွာလည်ပတ်ခြင်း မရှိသေးကြောင်း သိရသည်။

**Mon**

o-o-o-o-o

## အိုင်ဖုန်းထဲရှိ ဆီရီစနစ်က အခွင့်မရဘဲ နားထောင်ခဲ့ရာမှ ဒေါ်လာ ၉၅ သန်း ပေးလျော်ရတော့မည့်ကိန်းဆိုက်နေ

**ဝါရှင်တန် ဇန်နဝါရီ ၅**

မည်သည့်အကြောင်းကိစ္စမဆို သိလိုက မေးမြန်းပြောဆိုနိုင်သော ဆီရီစနစ်ကို အိုင်ဖုန်းနှင့် အိုင်ပက်များထဲ၌ ထည့်သွင်းပေးထားသည်။

သို့ရာတွင် ထိုစနစ်က အိုင်ဖုန်းနှင့် အိုင်ပက်အသုံးပြုသူများထံမှ အခွင့်မရဘဲ နားထောင်မှတ်တမ်းတင်မှုများရှိခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုမှ မကျေနပ်သူများက တရားစွဲဆိုထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နစ်နာကြေးရလိုမှုဖြင့် တရားစွဲဆိုထားသူများကို အက်ပဲလ်ကုမ္ပဏီဘက်မှ ဒေါ်လာ ၉၅ သန်းအထိ ပေးလျော်ရတော့မည့်ကိန်းဆိုက်နေကြောင်း သိရသည်။

**Mon**



INTERNATIONAL
NEWS
နိုင်ငံတကာသတင်းများ

## အစ္စရေးအတွက် လက်နက်များ ထပ်မံရောင်းချပေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် စီစဉ်ထားသည်ဟု ဆို

**ဝါရှင်တန် ဇန်နဝါရီ ၅**

အစ္စရေးနိုင်ငံအတွက် လက်နက်များ ထပ်မံရောင်းချပေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် စီစဉ်ထားသည်ဟု ကွန်ဂရက်အစည်းအဝေးသို့ ဇန်နဝါရီ ၃ ရက်က အသိပေးတင်ပြခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံအတွက် လက်နက်မျိုးစုံ ဒေါ်လာသန်း ၈၀၀၀ ဖိုး ရောင်းပေးသွားရန် သမ္မတဂျိုးဘိုင်ဒင်က ဆုံးဖြတ်အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက အောက်လွှတ်တော်နှင့် အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီအသီးသီးထံသို့ အစီရင်ခံခဲ့သည်။

ရောင်းချပေးမည့် လက်နက်များထဲတွင် ပေါင် ၅၀၀ ဗုံးများ၊ ပဲ့ထိန်းဒုံးလက်နက်များ၊အမြောက်ဆန်များ၊ ဂျက်တိုက်လေယာဉ်များအတွက် ဒုံးလက်နက်များ၊ ရဟတ်ယာဉ်များ၊ ဗုံးများ၊ ဝေဟင်မှ ဝေဟင်ပစ်ခွင်းနိုင်သော ဒုံးလက်နက်များ စသည်တို့ပါဝင်မည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သော နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုက အစ္စရေးနိုင်ငံအတွက် လက်နက် ဒေါ်လာသန်း ၆၈၀ ဖိုး ရောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Mon**

o-o-o-o-o

## ကမ္ဘာ့အသက်အကြီးဆုံးလူသား တောမိကောအီတူးက အသက် ၁၁၆ နှစ်အရွယ်တွင် ဂျပန်နိုင်ငံ၌ ကွယ်လွန်

**တိုကျို ဇန်နဝါရီ ၅**

ကမ္ဘာ့အသက်အကြီးဆုံးလူသား တောမိကောအီတူးက အသက် ၁၁၆ နှစ်အရွယ်တွင် ဂျပန်နိုင်ငံ၌ ဇန်နဝါရီ ၄ ရက်တွင် ကွယ်လွန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စပိန်နိုင်ငံမှ မာရီယာဘာန်းယတ်စ်မိုရေရာ အသက် ၁၁၇ နှစ်အရွယ်တွင် ကွယ်လွန်ပြီးနောက် ဂျပန်နိုင်ငံမှ တောမိကောအီတူးကကို ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့က အသိအမှတ်ပြုခဲ့သည်။

၎င်းကွယ်လွန်ပြီးနောက် ယခုအခါ ၎င်းအောက် အသက် ၁၆ ရက်သာငယ်သော ဘရာဇီးခရစ်ယာန်သီလရှင် အီနာကာနာဘာရိုလူးကတ်စ်ကို ကမ္ဘာ့အသက်အကြီးဆုံးလူသားအဖြစ် ပြောင်းလဲသတ်မှတ်ရတော့မည်ဖြစ်ကြောင်း သိရသည်။ **Mon**



STOP AIDS



တန်ဇန်းနီးယားနိုင်ငံ ဒါရက်စလမ်မြို့တော်တွင် စီအင်န်ဂျီဓာတ်ငွေ့လောင်စာဖြည့်ရန် တန်းစီစောင့်ဆိုင်းနေသော သုံးဘီးကားများကို တွေ့ရစဉ်။ **Mon**

## အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ငါးခုတွင် ဆောင်းမုန်တိုင်းတိုက်မည်ဟု ကြိုတင်သတိပေး

**ဝါရှင်တန် ဇန်နဝါရီ ၅**

အမေရိကန်ပြည်ထောင်စုရှိ ကင်တပ်ကီ၊ ဗာဂျီးနီးယား၊ ကန်းဆတ်စ်၊ အာကင်ဆတ်နှင့် မစ်ဆူရီပြည်နယ်ငါးခုတွင် ကြီးမားသော ဆောင်းမုန်တိုင်းတိုက်မည်ဟု ဇန်နဝါရီ ၄ ရက်တွင် သက်ဆိုင်ရာ မိုးလေဝသဌာနအသီးသီးက ကြိုတင်သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အာတိတ်စက်ဝိုင်းဒေသမှ လွင့်ပျံ့လာမည့် အအေးလှိုင်းများအပေါ်အခြေခံ၍ နှင်းဖတ်များ လွန်ကဲစွာ ကျရောက်လာနိုင်သည်ဟု ယခုရက်ပိုင်း ခရီးဝေးသွားလာရာတွင် အထူးဂရုစိုက်ကြရန် အဆိုပါပြည်နယ်များရှိ ဒေသဆိုင်ရာ တာဝန်ရှိသူများက သတိပေးကြသည်။



၁၀ နှစ်အတွင်း အထူထဲဆုံးနှင်းဖတ်များ ကျရောက်လာစေမည့် ဆောင်းမုန်တိုင်းဖြစ်သည်ဟု အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

ထိုဆောင်းမုန်တိုင်းကြောင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း အအေးဆုံး ဇန်နဝါရီလကို ကြုံတွေ့ကြရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

o-o-o-o-o



# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Alexandre Muller တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၅**

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ရက်က စတင်ကျင်းပလျက်ရှိသော 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller သည် 2024 Bank of China Hong Kong Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Jaume Munar အား ၄-၆၊ ၇-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Bank of China Hong Kong Tennis Open တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Alexandre Muller နှင့် ဂျပန်တင်းနစ်ကစားသမား Kei Nishikori တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## ဝီစလေဖိုဖာနာ တံကောက်ကြောဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ



**လန်ဒန် ဇန်နဝါရီ ၅**

ချဲလ်ဆီးအသင်းနောက်ခံကစားသမား ဝီစလေဖိုဖာနာ တံကောက်ကြောဒဏ်ရာကြောင့် အစောပိုင်းက နှစ်လနီးပါးခန့်သာ အနားယူရမည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိအချိန် ဒဏ်ရာမှ ထင်သလောက်သက်သာလာခြင်းမရှိသောကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းက အက်စတွန်ဗီလာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဝီစလေဖိုဖာနာ ဒဏ်ရာပြဿနာကြောင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်သဖြင့် ချဲလ်ဆီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဝီစလေဖိုဖာနာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ၂ဂိုးသွင်းယူထားသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## နူနိုမန်ဒက်စ် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**ပါရီ ဇန်နဝါရီ ၅**

နောက်ခံကစားသမား နူနိုမန်ဒက်စ်သည် လက်ရှိအချိန် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်ကိစ္စ အဆင်မပြေမှုကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား နူနိုမန်ဒက်စ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသော နူနိုမန်ဒက်စ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)**

**(NGB)**



## နည်းပြ ဟက်တာ မိုနာကိုအသင်းနှင့် ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို




**ပါရီ ဇန်နဝါရီ ၅**

မိုနာကိုအသင်းသည် အသင်းနည်းပြဟက်တာအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မိုနာကိုအသင်းအား၂၀၂၃ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ဖ၀တွင် ၃၄ပွဲနိုင်၊ ၁၃ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသလို၊ ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူး အမှတ်ပေးပြိုင်ပွဲတွင်လည်း ရလဒ်များ ကောင်းမွန်အောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိ နည်းပြဟက်တာက "ကျွန်တော် မိုနာကိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့လို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းကိုလည်း အောင်မြင်မှုများ ရယူနိုင်အောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**




## ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် လီဗာပူးအသင်း အလျင်အမြန်စီစဉ်

**လီဗာပူး ဇန်နဝါရီ ၅**

လီဗာပူးအသင်းသည် လိုင်လီအသင်းတိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်အား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လိုင်လီအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၉ပွဲကစားပြီး ၁၀၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လိုင်လီအသင်းကလည်း ဂျိုနသန်ဒေးဗစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုင်လီအသင်းထံမှ ဂျိုနသန်ဒေးဗစ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**



## ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းအား တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့

**ရန်ကုန် ဇန်နဝါရီ ၅**

ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ဇန်နဝါရီ ၄ ရက် ညနေက ကျိုက္ကဆံဘောလုံးလေ့ကျင့်ရေးကွင်းတွင် ခြေစမ်းကစားခဲ့ကြပြီး ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးကို အောင်မျိုးခန့်က သွင်းယူပေးခဲ့သည်။

ISPE အသင်းသည် (Week-15) ပွဲစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၁၁ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်ပြီးရန်ကုန်ယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၁၁ရက်တွင် မဟာယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်သည်။**(အပေါ်ပုံ)(NGB)**

## အယ်လ်နာဆာအသင်းနှင့်အတူ AFC ချန်ပီယံလိဂ်ဖလားကြီး ရယူသွားလိုကြောင်း စီရော်နယ်လ်ဒိုပြောကြား

**လန်ဒန် ဇန်နဝါရီ ၅**

အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုက မိမိအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ AFC ချန်ပီယံလိဂ်ဖလားကြီး ရယူသိမ်းပိုက်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အယ်လ်နာဆာအသင်းသည် AFC ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့် လက်ကျန် နှစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း အုပ်စုအဆင့်မှ ၁၆သင်း ရှုံးထွက်အဆင့်သို့ စောစီးစွာ တက်လှမ်းထားနိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ AFC ချန်ပီယံလိဂ်ဖလားကြီး ရယူသိမ်းပိုက်ရယူသွားလိုပါတယ်။ ဒီနှစ်ဟာ အယ်လ်နာဆာအသင်းအတွက် ကောင်းမွန်တဲ့နှစ်တစ်နှစ်ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်တော်အနေနဲ့လည်း အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ" ဟု ပြောသည်။**(ယာပုံ) (NGB)**




### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁-၂၀၂၅ | (၁၇)ဝုဗ် - နော့တင်ဟမ်(၃) | ဝုဗ် ၁-၁ နော့တင်ဟမ် | ဝုဗ်(အိမ်) | ၉ | ၂ | ၁ | ၆ | ၁၄ | ၂၀ |
| နံနက် ၀၂:၃၀နာရီ | (နော့တင်ဟမ် ၁-၁ ဝုဗ်) | နော့တင်ဟမ် ၂-၂ ဝုဗ် | နော့တင်ဟမ်(ဧည့်) | ၁၀ | ၆ | ၂ | ၂ | ၁၅ | ၁၂ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁-၂၀၂၅ | (၁၅)QPR - လူတန်တောင်း (၂၀) | QPR ၀-၃ လူတန်တောင်း | QPR(အိမ်) | ၁၃ | ၄ | ၅ | ၄ | ၁၈ | ၁၈ |
| နံနက် ၀၂:၃၀နာရီ | (လူတန်တောင်း ၁-၂ QPR) | လူတန်တောင်း ၃-၁ QPR | လူတန်(ဧည့်) | ၁၂ | ၁ | ၁ | ၁၀ | ၈ | ၂၆ |

# ရွှေစက်တော်ခရီးစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်ရှိ ရွှေစက်တော်ခရီးစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မင်းဘူးမြို့ မင်းမင်းဟိုတယ်၌ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲတွင် မင်းဘူးခရိုင် ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ (DMO)ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် ကာလတိုအစီအမံ (Short Term Plan) များကို ဒေသအလိုက် ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော (DMO) ကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များက အုပ်စု(၃)အုပ်စုခွဲ၍ ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်ပြီး တင်ပြလိုသော အကြောင်းအရာများကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပြီးနောက် အုပ်စုအဖွဲ့ခေါင်းဆောင်များက အဖွဲ့လိုက် ရွေးချယ်ကောက်နုတ် စုစည်းတင်ပြချက်များကို ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းအဖြစ် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် အုပ်စု(၃) အုပ်စုမှ ဆွေးနွေးပွဲရလဒ်များကို တာဝန်ရှိသူများက ပြန်လည်သုံးသပ်ဆွေးနွေးပြီး မြေပြင်တွင် လက်တွေ့ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်များနှင့် ထွက်ပေါ်လာသော ရလဒ်ကောင်းများကို မှတ်တမ်းတင် စစ်တမ်းကောက်ယူ၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည် ဖြစ်သည်။

မင်းဘူးခရိုင်အတွင်း၌ လေ့လာလည်ပတ်ရန် ခရီးစဉ်ဒေသများစွာရှိသည့်အနက်မှ မန်းရွှေစက်တော်ခရီးစဉ်ဒေသသည် ထင်ရှားထူးခြားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်တွင်းဘုရားဖူးဧည့်သည်အများဆုံး လာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်သည့်အတွက် ကာလတိုစီမံချက်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပြီးနောက် ကာလရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ယခုလို အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် မီးခိုးတိတ်စီးပွားရေးတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းနှင့်အတူ ဒွန်တွဲရပ်တည်နေသည့် စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုဆောင်၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက်လုပ်ကိုင်သူများအတွက် အကျိုးဖြစ်ထွန်းပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိ၍ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုဘဝအဆင့်အတန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းပြသည်။

မန်းရွှေစက်တော်ရာဘုရားကြီးကို တစ်နှစ်ပတ်လုံး သွားရောက်လည်ပတ် လေ့လာနိုင်သည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည့် အစီအစဉ်များဖြစ်သည့် ရွှေစက်တော်ဒေသ သဘာဝရှုမျှော်ခင်းအလှအပ (View Point) နေရာများဖော်ထုတ်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုဘဝကို လေ့လာနိုင်သည့် ကျေးရွာများအဖြစ် ဖော်ဆောင်ခြင်း၊ ရွှေစက်တော်ဒေသတစ်ဝိုက်တွင် တောင်တက်ခရီးစဉ်လမ်းကြောင်းများ၊ တောတွင်း စက်ဘီးစီးခရီးစဉ် လမ်းကြောင်းများ စီစဉ်ဆောင်ရွက်ခြင်း၊ သဘာဝ တောရိုင်းတိရစ္ဆာန်များဖြစ်သည့် ဆင်၊ မျောက်၊ သမင်၊ ကြယ်လိပ်၊ ငှက်များကို သဘာဝအတိုင်း လေ့လာနိုင်သည့် အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်နိုင်မည်ဆိုပါက ရွှေစက်တော်ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရုံသာမက တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိ မင်းဘူးခရိုင်အတွင်း၌ စစ်တမ်းကောက်ယူမှုများအရ ၂၀၂၃ခုနှစ်တွင် ခရီးသွားဧည့်သည် ၄၈၈၁၀၀ ဦး တည်းခိုဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ခရီးသွားဧည့်သည် ၅၀၆၆၆၂ ဦး တည်းခိုဝင်ရောက်ခဲ့တဲ့အတွက် ယခင်နှစ်ထက် ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ) (၅၀၀)**





# ပို့ကုန်၊ သွင်းကုန်အပေါ် အခွန်ကောက်ခံမှု မူဝါဒ အပြောင်းအလဲကြောင့် ပြောင်းဈေး ကျဆင်းလာ

ပို့ကုန်၊ သွင်းကုန်အပေါ် အခွန်ကောက်ခံမှု မူဝါဒကြောင့် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ကာ ပြည်တွင်း ပြောင်းဈေးကျဆင်း လာကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ယခင်က ပို့ကုန်ပြောင်းအပေါ် တစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ ကျော်သာ ပေးဆောင်ရပြီး ယခုမူဝါဒအပြောင်းအလဲကြောင့် ငွေကျပ် ၅၀၀၀၀ ကျော် ပေးဆောင်ရကြောင်း၊ ယခင်က တစ်ဒေါ်လာလျှင် ငွေဈေး ငွေကျပ် ၂၁၀၀ ကျော်ပေါ်မှာ တွက်ချက်ပြီး ယခုအခါ တစ်ဒေါ်လာလျှင် ငွေဈေး ငွေကျပ် ၃၅၈၀ ပေါ်မှာ တွက်ချက်ကောက်ခံတာ ဖြစ်သောကြောင့် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၃၅ ကျပ်ခန့် ဈေးကျဆင်းသွားမည်။

ပို့ကုန် ပြောင်းကုန်သည်များအနေဖြင့် FOB ဈေးအတိုင်း တွက်ချက်ပြီး အရင်းအတိုင်း ပြန်လည်ရောင်းချနေသော်လည်း တိုးမြှင့်လာသည့် အခွန်ငွေကျပ် ၃၅ ကျပ်ခန့်ကို တောင်သူထံမှ လျှော့ချဝယ်ယူရမည့် အခြေအနေဖြစ်သည်။ လက်ရှိ သွင်းကုန်အပေါ်မှာလည်း တိုးမြှင့်ကောက်ခံတာဖြစ်သောကြောင့် သွင်းကုန်ပြန်လည်သွင်းသူများလည်း တင်သွင်းမည့်ကုန်များမှာ ဈေးမြင့်တက်လာမည်ဖြစ်ကြောင်း အခွန်ကောက်ခံမှု မူဝါဒအပြောင်းအလဲကြောင့် သက်ရောက်မှု ရှိလာကြောင်းကို ပြောင်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြောင်းကုန်သည်များအနေဖြင့် ယခင်က ပြောင်းတစ်တန်လျှင် FOB ဈေးရရှိမှုကို အခွန်နုတ်ပြီး ကျန်ရှိသည့် အရင်းဈေးအတွင်း ပြည်တွင်းပြောင်းများကို ဝယ်ယူကာ ပို့ကုန်ဒေါ်လာ ရရှိအောင် တင်ပို့ပြီး သွင်းကုန်မှ ပြန်လည်ရရှိသည့် အကျိုးအမြတ်ကိုသာ ယူပြီး ပြောင်းကို အမြင့်ဆုံးဈေးထိ ပေးဝယ်တင်ပို့မှုများကြောင့် ရန်ကုန်အရောက် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ခန့်ထိ ဈေးမြင့်တက်ရရှိလာခြင်း ဖြစ်သည်။

သို့ဖြစ်၍ ဒီဇင်ဘာလကုန်ပိုင်းတွင် ရန်ကုန်အရောက်ဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၊ တောင်ကြီးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၊ မန္တလေးဈေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀ အသီးသီးပေါက်ဈေးရှိနေသည်။

လက်ရှိ ပြောင်း FOB ပေါက်ဈေးနှင့် အခွန်တိုးမြှင့်သည့်အပေါ် ပေးဆောင်ရမည့် အခွန်နှင့် ဈေးမြင့်ပေးဝယ်ထားသည့် ပြောင်းဈေးမှာ ပို့ကုန်သမားများအတွက် အရှုံးပေါ်နေကြောင်း ပို့ကုန်သမားများထံက သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် ဘေးကင်းလွတ်မြောက်ရာသို့ စနစ်တကျထွက်ခွာခြင်း၊ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်

**ဇမ္ဗူသီရိ ဇန်နဝါရီ ၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Mother International School ကိုယ်ပိုင်ကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်း၊ ဘေးကင်းလွတ်မြောက်ရာသို့ ထွက်ခွာခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောရာတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာများကို သတိရှိစေရန်နှင့် အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ မီးလောင်မှု အခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိက အကြောင်းအရင်းများ၊ ဘေးကင်းလွတ်မြောက်ရာသို့ အန္တရာယ်ကင်းစွာ စနစ်တကျ ထွက်ခွာခြင်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများအား အသိပညာပေး ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘေးကင်းလွတ်မြောက်ရာသို့ ထွက်ခွာခြင်းအား ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ရိုးရိုးမီး၊ ဆီမီး၊ Gas မီးလောင်မှုများကို လက်တွေ့ငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသ၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# National ICT Awards-2024 (Education Project Skill Competition) (တိုင်းအဆင့်) ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၅**

ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော National ICT Awards-2024 (Education Project Skill Competition) (တိုင်းအဆင့်)ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ပြိုင်ပွဲများတွင် Computer Skill ပြိုင်ပွဲတွင် မူလတန်းကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ Education Project Skill ပြိုင်ပွဲတွင် ဆရာ၊ ဆရာမ အဖွဲ့ငါးဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ ညွှန်ကြားရေးမှူး(ပညာ)ဦးအောင်ဆွေဦး၊ မန္တလေးတိုင်းဒေသကြီး၊ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်၊ ခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်တွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက Computer Skill ပြိုင်ပွဲတွင် အဖွဲ့(၂၁)ဖွဲ့က အ.ထ.က (၈)တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၈ရက်တွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးတို့က တိုင်းဒေသကြီး ပညာရေးမှူးရုံးတွင်လည်းကောင်း အသီးသီး ဆက်လက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(၀၉၃)**



## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေး

**စဉ့်ကိုင် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ၌ မြို့ပေါ်(၅)ရပ်ကွက်မှ အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဇန်နဝါရီ ၁ ရက်မှ ၂ ရက်အထိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့သည်။

ထိုသို့ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေး ဌာနမှဝန်ထမ်းများက အသက် နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ (ရိုတာ) ပိုလီယိုပြင်းထန် အဆုတ်ရောင် (ပီစီဗီ) ဝက်သက်ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံပေးရာတွင် ပုံမှန်ကာကွယ်ဆေး လာရောက်ထိုးနှံသော အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ် ၇၀ဦးနှင့် မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင် ၂၀ဦးတို့အား ထိုးနှံပေးခဲ့ကြကြောင်းနှင့် မြို့နယ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လစဉ်လဆန်း၁ရက်မှ ၅ရက်အထိ ပုံမှန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းလည်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)

(၃၉၉)

## စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**ပွင့်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ၊ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြုလုပ်သည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁ ရက်က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ ရွှေပြည်အေးဓမ္မာရုံ၌ ကျင်းပသည်။

(အပေါ်ယာပုံ)

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က သီးနှံများစိုက်ပျိုးရာတွင် ထုတ်လုပ်သူရော စားသုံးသူပါ ဘေးကင်းလုံခြုံပြီး အရည်အသွေးကောင်းသော သီးနှံများ စိုက်ပျိုးထွက်ရှိစေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာနှင့်သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်မှု အခြေအနေများ၊ သဘာဝမြေဩဇာနှင့်သဘာဝဆေးများ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်တောင်သူအကျိုးဆောင်ကော်မတီဝင်များနှင့် စိုက်ပျိုးရေးပညာရှင်များက သဘာဝစိုက်ပျိုးရေး သွင်းအားစုပစ္စည်းများ ထုတ်လုပ်နည်းပညာများနှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းစနစ်များကို အသိပညာပေးဆွေးနွေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာတောင်သူအကျိုးဆောင်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် မျိုးကောင်းမျိုးသန့် ပြုလုပ်နည်းစနစ်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။



အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ မြို့နယ်တောင်သူအကျိုးဆောင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာတောင်သူအကျိုးဆောင်ကော်မတီဝင်များနှင့် ဒေသခံတောင်သူများ၊ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့သည်။

အလားတူ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ဖလံတောနှင့် ခင်တဲကျေးရွာများရှိ ဒေသခံတောင်သူများကို တွေ့ဆုံ၍ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများ ၊ သီးနှံများစိုက်ပျိုးရာတွင် ထုတ်လုပ်သူနှင့် စားသုံးသူ ဘေးကင်းလုံခြုံသော သီးနှံများထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာများကို မြို့နယ်တောင်သူအကျိုးဆောင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသိပညာပေး ဆွေးနွေးဟောပြောပြီး တောင်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ (၄၄၅)

## ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါအကြောင်း ဟောပြောပွဲကျင်းပ



**တံတားဦး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ တီဘီရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲနှင့် ရောဂါရှာဖွေရေး အကြောင်းတို့ကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်းရတနာထွန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အ.ထ.က၊ တံတားဦး ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ သားဖွားဆရာမ ဒေါ်မဟေသီးစုစုစံဌေးက တီဘီရောဂါအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး ဝန်ထမ်းများက အဖွဲ့ငယ်များခွဲ၍ တီဘီရောဂါကို ရှာဖွေစမ်းသပ်ပေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ လည်ပင်း၊ နောက်ကျောတွင် အဖုငယ်များ ရှိ၊ မရှိ၊ ဘယ်ဘက်လက်မောင်းအား ကာကွယ်ဆေးထိုးနှံပြီးစီးမှု ရှိ၊ မရှိ စစ်ဆေးပေးကြသည်။ ရောဂါလက္ခဏာသံသယရှိပါက မြို့နယ်ဆေးရုံသို့ လာရောက် ကုသပေးစေလိုကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ) (၄၀၉)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်။

ထိုသို့ ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့်၊ စည်ပင်ဝန်ထမ်းအိမ်ရာအနီးတွင်လည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၇လမ်း၊ ၁၁၃လမ်းနှင့် ၁၁၃(A)လမ်းကြားတွင် လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။ (အောက်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)




## နတ်မောက်မြို့၌ ပဲစင်းငုံများ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိ

**နတ်မောက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျေးရွာတွင် စိုက်ပျိုးထားသည့် ပဲစင်းငုံသီးနှံများပေါ်ပြီဖြစ်၍ နတ်မောက်မြို့ပေါ်ရှိ ပွဲရုံများသို့ ပဲစင်းငုံများဝင်ရောက်လျက်ရှိသည်။

၂၀၂၄ခုနှစ် မိုးရာသီတွင် ပဲစင်းငုံကို မိုးစိုက်သီးနှံတစ်ခုအဖြစ် တောင်သူများက စိုက်ပျိုးခဲ့ရာ တောင်သူအချို့က သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြပြီး အချို့တောင်သူများက အခြားသီးနှံများနှင့် ရောနှောစိုက်ပျိုးခြင်းမရှိဘဲ သီးသန့်စိုက်ပျိုးကြသည်။ ဒီဇင်ဘာ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံသီးနှံများ ခြောက်သွေ့လာသဖြင့် ရိတ်သိမ်းပြီး အစေ့ထုတ်ကာ နတ်မောက်မြို့ပွဲရုံများသို့ ရောင်းချလျက်ရှိသည်။ မကွေးမြို့နယ်နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် နတ်မောက်တောင်ခြမ်းမှ တောင်သူများသည် မကွေးမြို့သို့သွားရောက်ရောင်းချကြပြီး ရိတ်သိမ်းရောင်းချသူများသည် ပဲစင်းငုံ(နီ) တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀ ဖြင့် ရောင်းချရပြီး ဇန်နဝါရီလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ဖြင့် ရောင်းချနေရကြောင်း နတ်မောက်မြို့နယ်အတွင်းရှိ ပဲစင်းငုံ ရိတ်သိမ်းရောင်းချသူတောင်သူများထံမှ သိရသည်။

မှူမှူစန်း

*-*-*-*-*

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဍာ ရာဇ် များ (၁၀၃)

သွယ်အောင်

၁၉၉၁ ရက်စွဲများသည် ကဗျာအများဆုံးရေးဖွဲ့နိုင်ပြီး စိတ်အလေဆုံးနှစ်ဟုလည်း ဆိုရပေမည်။ စိတ်လေသည်ဟု ဆိုရသည်မှာလည်း တက္ကသိုလ်ကျောင်းပြီးကတည်းက ရရှိသောဘွဲ့နှင့် ဘာအလုပ်မှ မလုပ်ဘဲ ကဗျာဆရာယောင်ယောင်၊ ပန်းချီဆရာ၊ ကာတွန်းဆရာယောင်ယောင်ဖြင့် အချိန်ဖြုန်းနေခြင်းကို မိဘများက သဘောမကျဘဲ မကြာခဏ အဆူခံနေရခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်ကလည်း လူတစ်မျိုးပင်၊ အိမ်မှ ဖိနပ်လုပ်ငန်းကိုလည်း မလုပ်ချင်၊ ရရှိသည့်ဘွဲ့ဖြင့် အစိုးရဝန်ထမ်းလည်း မလုပ်ချင်၊ ကဗျာစာမူခလေးတစ်ပဲခြောက်ပြားလောက်နှင့် ကျေနပ်နေပြီး ဘဝကို လွတ်လွတ်လပ်လပ် ဖြတ်သန်းနေမိသည်။

ထိုစဉ်က တက္ကသိုလ်ဘွဲ့တစ်ခုဖြင့် အလွယ်အကူဆုံးလုပ်နိုင်သည့် အလုပ်မှာ ကျောင်းဆရာဘဝသာ ဖြစ်လေသည်။ ကျောင်းဆရာဆိုသည်ကလည်း မြို့ကြီးပြကြီးပေါ်မှာ လွယ်လွယ်နှင့် မရနိုင်ပေ။ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်မှ ကျောင်းပြီးသူများသာရနိုင်ပြီး သာမန်ဘွဲ့လေးရသူအဖို့ မြို့နှင့်ဝေးလံသော တောရွာလေးများတွင်သာ ကျောင်းဆရာအဖြစ် အလုပ်ရခြင်းကို ဆိုပါသည်။

တစ်နေ့ ကျွန်တော်နှင့်ကျောင်းအတူပြီးသော သူငယ်ချင်းနှစ်ယောက်နှင့်တွေ့၍ သူတို့ကို မေးကြည့်မိသည်။ 'ဘာအလုပ် လုပ်နေသလဲ'ဟု နှစ်ယောက်စလုံးက 'ကျောင်းဆရာ'ဟု ဆိုကြသည်။ တစ်ယောက်က ဓာတုဗေဒဖြင့် ကျောင်းပြီးသောကိုလှဝင်းဖြစ်သည်။ သူက မန္တလေးမြို့အစွန် ကျေးရွာလေးတစ်ခုမှာ မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ တစ်ကျောင်းလုံး သူနှင့်ကျောင်းအုပ်ကြီး နှစ်ယောက်သာရှိပြီး တစ်ကျောင်းလုံးရှိ ကျောင်းသားများအားလုံးကို ဒိုင်ခံပြီး စာသင်နေကြသူများ ဖြစ်သည်။

နောက်တစ်ယောက်မှာ ကျွန်တော်နှင့် မေဂျာအတူ ရူပဗေဒဖြင့်ကျောင်းပြီးသော စန်းလှဦး ဖြစ်သည်။ သူကတော့ ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှ ရွာကလေးတစ်ရွာတွင် ကျေးလက်ကျောင်းဆရာအဖြစ် ခံမင်မြတ်နိုးစွာ ရပ်တည်နေသူ ဖြစ်သည်။

သူတို့က ကျွန်တော့်ကို ပြန်မေးကြပါသည်။ 'ဘာအလုပ် လုပ်နေသလဲ'ဟု ကျွန်တော်က 'လယ်ယာပြန်စားရေး'ဟု ပြန်ဖြေလိုက်သည်။ သူတို့က ကျွန်တော့်အဖြေကို သဘောကျကာ 'ဖိမ်'ပဲ ဟု ဆိုကြသည်။

'မဖိမ်ပါဘူး သူငယ်ချင်းတို့ရာ၊ အလုပ်မရှိလို့ စိတ်လေနေတာ'ဟု ပြန်ပြောတော့ သူတို့က ကျွန်တော့်ကို တအံ့တဩကြည့်ကာ 'ငါတို့လို ကျောင်းဆရာလုပ်မလား၊ ဆရာလိုနေတာ'ဟု ပြောကြသည်။

ကျွန်တော် သူတို့ကို တွေဝေပြီးကြည့်နေမိသည်။ ပါးစပ်က မဖြေဘဲ ခေါင်းကိုသာ ခါရမ်းပြလိုက်သည်။

'မိဘဖိနပ်လုပ်ငန်းရှိနေတာ၊ အစိုးရအလုပ် မလုပ်လည်း ရနေတာဆိုတော့၊ ငါတို့လို ကျေးလက်ကျောင်းဆရာအလုပ် ဘယ်လုပ်မလဲ'ဟု သူငယ်ချင်းများက စကားနာပိုင်းထိုးကြသည်။ ကျွန်တော်က မဟုတ်ကြောင်း ရှင်းပြပြီး မိဘလုပ်ငန်းထက် ကိုယ့်အစွမ်းအစဖြင့် လုပ်ပြနိုင်သည့်အလုပ်ကို တန်ဖိုးထားကြောင်း ပြောပြခဲ့သည်။

ထိုနေ့က သူငယ်ချင်းကျေးလက်ကျောင်းဆရာများနှင့်တွေ့ရ၍ သူတို့ကို ဂုဏ်ပြုလေးစားသောအားဖြင့် ကဗျာတစ်ပုဒ်ကို ရေးဖွဲ့မိလေသည်။ ကဗျာခေါင်းစဉ်ကို စဉ်းစားပြီးမှ ကဗျာကို ရေးဖွဲ့ခြင်းဖြစ်သည်။ တခြားကဗျာများလို ကဗျာရေးပြီးမှ ကဗျာခေါင်းစဉ်တပ်ခြင်း မဟုတ်ပါ။ ကျေးလက်ကျောင်းဆရာများ၏ ဘဝကြေးမုံပြင်က ကျွန်တော့်ရင်ထဲ စွဲထင်နေသည်။ ၁၉၉၁ ခုနှစ် မတ်လပိုင်းက ရေးခဲ့သော ယင်းကဗျာ ရွှေသမင်မဂ္ဂဇင်းအဖွင့် စာမျက်နှာတွင် ၂ မျက်နှာ အပြည့် ဖော်ပြပါရှိခဲ့လေသည်။

**ကျေးလက်ကျောင်းဆရာတစ်ယောက်ရဲ့**
**နှလုံးသားကို ဖတ်ရှုခြင်း**

* မြေဖြူချောင်း
သင်ပုန်းဟောင်းတစ်ချပ်နဲ့
ဖြတ်ခနဲ ပေါ်လာတဲ့
ကျေးလက်ကျောင်းဆရာ
သူ့ရုပ်ပုံလွှာ
ရင်ဝလာမှန်တယ် ။

* သူနဲ့ငါ
လက်ဖက်ရည်ဆိုင်မှာ
ထိုင်ခဲ့ဖူး
ကြည်နူးရတာ
လှပတဲ့ အိပ်မက်
ငါပြန်မက်နေပြီ ။

* အဲဒီနေ့က
ဘဝမီးအိမ်
နွယ်လိမ်ထိုးယှက်
မျှော်လင့်ချက်ကောင်းကင်
ကျောင်းစာသင်တဲ့အရေး
ဆွေးနွေးခဲ့တဲ့ အဘိဓမ္မာတရား
ခုတိုင် ကြားနေဆဲပါ ။

* နာသုံးနာနဲ့ ကျောင်းဆရာ
အရာရာကို စွန့်လွှတ်ရဲ
မိုးထဲလေထဲ
နေပူကျဲကျဲ
နှင်းတွေထဲ၊ တိုးရှဲခိုဝင်
ကျေးလက်ရင်ခွင်ကို
သူခင်တွယ်မိပြီတဲ့ ။

* ကျေးလက်က
ကလေးတွေဟာ
ထင်းရှာ မီးသွေးဖုတ်
ပျိုးနုတ် ငါးပက်
ဝမ်းစာအတွက် အလုပ်ရှုပ်
မိဘလက်ငုတ်ရဲ့ကျောင်းမှာ
အနေများပါတယ် ။

* အဲဒီအခါ
ကျေးလက်ကျောင်းဆရာ
ကရုဏာတရား
သူ့ရင်မှာ ပွားစည်းနေရတယ် ။

* ဒါကြောင့်လည်း .....
ကလေးတွေဟာ ......
သူ့ဘဝပါတဲ့
ရဲရင့်စိမ်းမြ
အဲဒီရသ
သူခံစားရတယ် ။

* ကလေးတွေဟာ ....
သူ့ကမ္ဘာပါတဲ့
ရင်မှာ ငြိမ်းချမ်းတေးဆို
ခေတ်ကို သူဖြတ်သန်းခဲ့တယ် ။

* ကလေးတွေဟာ
သူ့အနာဂတ်ပါတဲ့
လွတ်လပ်ရင်ခုန်
သူ ယုံကြည်တယ် ။

* ကျေးလက်ကျောင်းဆရာနဲ့
တွေ့ရတဲ့ခဏ
ငါ့ဘဝဟာ
ကျန်းမာလာတယ် ။

* ငါ့ဘဝဟာ
အားပြည့်လာတယ် ။

* ငါ့ဘဝဟာ
သန့်စင်လာတယ် ။

* ငါ့ဘဝဟာ
လတ်ဆတ်လာတယ် ။

* ဒါပေမယ့် ဒါပေမယ့်ကွယ်
ကျောင်းဆရာလိုတော့
ကျေးလက်မှာ
တေးဆိုရဲတဲ့ သတ္တိ
ငါ့မှာ မရှိ
ဝမ်းနည်းမိတယ် ။



* လေးစားရတဲ့
ကျေးလက်ကျောင်းဆရာရေ
မြေဖြူချောင်း
သင်ပုန်းဟောင်း
ခေါင်းလောင်းနဲ့ စာသင်ခုံ
ယုံကြည်မှုနဲ့ပွေ့ဖက်
အနာဂတ်အတွက် အလင်းသစ်
ပျိုးမျစ်နွေးထွေး
ကျေးလက်ကလေးတွေကို
ထာဝရ ချစ်နိုင်ပါစေလေ
ထာဝရ ချစ်နိုင်ပါစေ ......။

* မင်္ဂလာပါ
ကျေးလက်ကျောင်းဆရာ ။ ။

သွယ်အောင်
(ရွှေသမင် မဂ္ဂဇင်း)
၁၉၉၄၊ ဒီဇင်ဘာလ

ကျွန်တော်က စိတ်လေလေဖြင့် သူငယ်ချင်းကဗျာဆရာများနှင့်လက်ဖက်ရည်ဆိုင် အထိုင်မပျက်နေသည့်အပြင် တစ်ခါတစ်ရံ ညနေဆည်းဆာချိန်တွင်လည်း အရက်ဖြူဆိုင်လေးများဆီ ရောက်တတ်နေသည်။ မိမိကိုယ်ကိုမိမိ မထိန်းချုပ်နိုင်ဘဲ လွင့်ချင်ရာလွင့်နေတတ်သည်။

ထိုသို့ သွားလာနေစဉ် အမေ့၏ ပြောနေကျစကားဖြစ်သော 'နင်အလုပ်မရှိဘဲ ဒီလိုသာနေလို့ကတော့ တစ်သက်လုံးမိန်းမရမှာ မဟုတ်ဘူး' ဟူသော စကားဖြစ်သည်။ သေချာပြန်စဉ်းစားကြည့်တော့လည်း အမေပြောတာ ဟုတ်သလိုလိုပင်။

ကျွန်တော်အမှန်တကယ်မြတ်နိုးသည့် ဖူးစာရှင်နှင့် တွေ့ခဲ့ရလျှင်တော့ ကျွန်တော်အလုပ်မရှိ၊ အကိုင်မရှိဘဝမှ ပုံမှန်ဝင်ငွေရသော အလုပ်ဖြင့် ဘဝကိုဖြတ်သန်းနိုင်မည်မှာ အသေအချာပင် ဖြစ်ပါသည်။



## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံစက်ချုပ်နည်းသင်တန်း ဖွင့်လှစ်

**ကလေး ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံစက်ချုပ်နည်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၉)၊ မိုးလင်းရှောင်စောန်းဘုရားကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသေးစား၊ အငယ်စားနှင့်အလတ်စား အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသမီးများအနေဖြင့် အိုးမကွာ အိမ်မကွာ တစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက် မိသားစုဝင်ငွေကို ထောက်ပံ့ပေးနိုင်မှာဖြစ်သောကြောင့် သင်တန်းသားများအနေဖြင့် သင်ခန်းစာများကို သေချာဂရုစိုက် ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထွန်းအောင်မော်က သင်တန်းဖွင့်လှစ် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဖွင့်လှစ်သွားမည့် အခြေအနေများကို ပြောကြားခဲ့ပြီး မိုးလင်းရှောင်စောန်းဘုရားကျောင်းဆရာတော်ကြီး ဦးကမ်းဆွန်းမန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများက ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၂၀ဦးအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**အမရပူရ ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအပြီးတွင် မြို့မဘောလုံးကွင်း၌ ခရိုင်၊မြို့နယ် စီမံအုပ်ချုပ်ရေးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို အဆိုပါ ဘောလုံးကွင်းအတွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းရှစ်သင်း ပါဝင်ကစားကြပြီး ပထမ၊ ဒုတိယနှင့် ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ရတနာပုံအသင်းက နန္ဒဝန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရယူခဲ့သည်။ ထို့နောက် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်ရာ ပထမဆု ရတနာပုံအသင်း၊ ဒုတိယရဆု နန္ဒဝန်အသင်း၊ တတိယဆု ပူးတွဲဆုအဖြစ် ဇရာဦး(ခ)နှင့်စကျင်း၀ အသင်းတို့က ရရှိခဲ့သည်။ ကျန်အသင်းများကိုလည်း နှစ်သိမ့်ဆုများကို ပေးအပ်ခဲ့သည်။ ဆုများ ချီးမြှင့်အပြီးတွင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ ကစားနေမှုကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



(အောက်ဝဲပုံ)

(၀၈၄)

*-*-*-*-*

## အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်း အခမဲ့သင်ကြားပို့ချမည်


**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေး၏ ကျွမ်းကျင်လုပ်သား လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှ ၂၂ရက်အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ ၁၃၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ၄၈လမ်းထောင့်ရှိ စက်မှုအထက်တန်းကျောင်းတွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားပေးမည်။

လျှပ်စစ်အခြေခံရှိသူနှင့် ပညာအရည်အချင်း အထက်တန်းအဆင့်ရှိသူများ တက်ရောက်နိုင်ပြီး တက်ရောက်လိုပါက ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(၀၄၅)

*-*-*-*-*




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မဟန္တလေး

## အမေ့ကို လွမ်းလို့

* သားသမီးအချစ် မြေးအနှစ်တဲ့
ထာဝရ ရင်ခွင်နွေး အမေ့ရဲ့အိမ်ကလေးကို
တစ်နှစ် "နှစ်ခေါက်" ရောက်ကို ရောက်ချင်
မပြန်နိုင်ရင် ဘဝင်မကျ
အသက်ရှူမဝသလို တမ်းတလို့မျှော်မှန်း
အဝေးက လွမ်းလွမ်းနေ
အမေ့အိမ်ကိုလေ ။

* သီတင်းကျွတ်နဲ့ လတန်ခူးမှာ
ရည်စူးကာ စွမ်းသမျှနဲ့
ကြည်နူးစွာ ကန်တော့ကြဖို့
မေတ္တာစိတ် ဂါရဝရည်
အတည်ဖြစ်ဖို့ အစဉ်ကြိုးစား
ဝန်နဲ့အား မမျှတော့
လက်လျှော့ရ ခါတစ်ရံ ။

* မြင်းလှည်းသံ ကြားရင်
ပြေးလွှားလို့ ထွက်ကာကြည့်
သမီးတို့လာသလား မြေးတို့လားလို့
အမေ့ရဲ့လွမ်းမောပုံ အမေ့ရဲ့မျှော်မောပုံ
ပြောမကုန် အစုံရေး ညီမလေးရဲ့လွမ်းစာလွှာ
ဖတ်ရတဲ့အခါ ပြန်ချင်ရက် လက်တို့
လွမ်းမျက်ရည် ရွှေရင်စို့
သွားကြစို့ အမေ့အိမ်
အတွေးအိမ်ထဲက ကိုယ့်စိတ်ကူး
ကြည်နူးစွာ စိတ်နဲ့ပြေး စလေနဲ့မန္တလေး
ခရီးအဝေး မိုင်(၂၀၀)
နှလုံးသွေးမှာ အနီးကလေးပါ
အခေါက်တစ်ရာ အပြန်တစ်ရာ
အကြိမ်ကြိမ် အခါခါ
ရင်ထဲမှာ မိုင်ကုဋေကုဋာ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**

## သတင်းပဒေသာ

### လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

မင်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ (Community Centre) ခန်းမ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို နံရံကပ်စာစောင် စာအုပ်ပြပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်က လွတ်လပ်ရေးနေ့နှင့် ပတ်သက်သည့်အကြောင်းအရာများအား ကျောင်းသား၊ သူလေးများကို အသိပညာပေး ပြောကြားသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသထားရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးငယ်များ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်နှင့် ခေါင်းဆောင်မှု အသိပညာပေးဟောပြော

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လူငယ်နှင့်ခေါင်းဆောင်မှု အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက လဲချားမြို့ အ-လ-က(၁) ခန်းမတွင်ကျင်းပရာ လူငယ်နှင့်ခေါင်းဆောင်မှု အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အားကစားမှူး ဦးထိန်လင်းမှ ခေါင်းဆောင်ဆိုတာဘာလဲ၊ ကိုယ်ကျင့်တရားကောင်းအောင်ဘယ်လိုကြိုးစားမလဲ၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် ခေါင်းဆောင်မှု၊ ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကို ဟောပြောခဲ့ပြီး လူငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲကို ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ယမန်နေ့ နေ့လယ်ပိုင်းက အမှတ်(၄) ရပ်ကွက်ရှိ မဏ္ဍိမာရာမဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးက အဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မီးဘေးလုံခြုံရေး၊ သဘာဝဝတ်ဝန်းကျင်ထိန်းသိမ်းရေး စွမ်းအားမြင့်မီးဖိုသုံးစွဲခြင်း၊ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု၊ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ သွေးတိုးရောဂါအကြောင်းသိကောင်းစရာ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ယမ်းမိုင်အခြေခံပညာမူလတန်းလွန်ကျောင်းမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းတွင်းအားကစားပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ဟိန်း ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူလေးများက ဆန်ကောရွက်၊ ဆီမီးထွန်း၊ အပ်ချည်ထိုး၊ အိတ်စွပ်ပြိုင်ပွဲ၊ အာလူးကောက်၊ အကျီဝတ်၊ ထိုင်ခုံလု၊ သံပရာသီးဇွန်းကိုက်၊ သနပ်ခါးလိမ်းပြိုင်ပွဲနှင့် မီတာ ၅၀၊ ၁၀၀ အပြေးပြိုင်ပွဲတို့ကို စုပေါင်းဆင်နွှဲခဲ့ကြပြီး ဆုရရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစုံညီပွဲတော်ကျင်းပချိန်၌ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာသုဝဏ္ဏပါသာဒကျောင်းတော်ကြီး၏ တိုင်ရွှေချရန်နှင့် ဘက်စုံပြုပြင်ရန်ငွေများ လာရောက်လှူဒါန်း



**မန္တလေး ဇန်နဝါရီ ၅**

မန္တလေး၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန် ငွေများလာရောက်လှူဒါန်းလျက်ရှိသည်။ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီး သီတင်းသုံးတော်မူရာ မဟာသုဝဏ္ဏပါသာဒကျောင်းတော်ကြီး၏ တိုင်အမှတ်(၃၆) ရွှေချကပ်လှူရန် ဖခင်ဦးမြမောင်+မိခင် ဒေါ်မာမာတို့အားရည်စူး၍ ဗိုလ်မှူးရဲထွန်းလင်း+ဒေါက်တာပွင့်ယုမာ(ရွက်နု)မိသားစုက ငွေကျပ် ၅၅ သိန်းတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးခင်မောင်လတ်+ဒေါ်လှအေး(ပတ္တမြားဈေးအထည်ဆိုင်)မိသားစုက ငွေပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန်အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃၀ ၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB bank ငွေစာရင်းအမှတ် ၀၁၇၁ ၃၀၁၀၀၀ ၁၂၂၅၉၈နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀ ၀၀၀၇၅၀နှင့် ဖုန်း ၀၉-၄၄၄၀ ၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်း




**မန္တလေး ဇန်နဝါရီ ၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရွှေဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(မဟာ္ဓစရိယ၊ B.A)က ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဦးကျော်သန်းအား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဒေါ်တင်အုန်း မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ် ၁၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၅ သိန်း၊ စုစုပေါင်းကျပ်သိန်း ၂၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများ တစ်ပါးချင်းစီလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၃၆)**



## ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသောဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၂)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်ကြော်သုပ်၊ ခရမ်းသီးနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## (၁၅)နှစ်မြောက်အထိမ်းအမှတ် ညစာစားပွဲနှင့် လှူဒါန်းငွေပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၅**

မော်လမြိုင်မြို့မြန်မာသုသာန် အခမဲ့အအေးခန်း မီးသင်္ဂြိုဟ်စက် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ (၁၅)နှစ်မြောက် အထိမ်းအမှတ် ညစာစားပွဲနှင့် လှူဒါန်းငွေပေးအပ်ပွဲကို ယမန်နေ့ ညနေ ၆ နာရီက မော်လမြိုင်မြို့၊ ဈေးကြိုရပ် ဟုန်စံစီခမ်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ မော်လမြိုင်မြို့ မြို့မိမြို့ဖများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အမှုဆောင်များ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် အလှူရှင် ၇၂ ဦးက ငွေကျပ် ၂၂၇ သိန်းလှူဒါန်းရာ မော်လမြိုင်မြို့ မြန်မာသုသာန် အခမဲ့အအေးခန်း မီးသင်္ဂြိုဟ်စက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌဦးချိုချိုနှင့် အမှုဆောင်များကလက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



# သတိပြုဖွယ် သတင်းနယ်ပယ်(၁၀)

**အစိုးရသတင်းစာတိုက်ဖြစ်စေ၊ပြင်ပဂျာနယ်သတင်းစာတိုက်ဖြစ်စေ၊ သတင်းသမားတိုင်း၊ သတင်းစာဆရာတိုင်းသည် အခြေခံတတ်မြောက်ထား၊သိထားသင့်သည်များရှိသည်။ထိုတတ်မြောက်ထား သိထားအပ်သည့် အခြေခံအတတ်ပညာများကို မသိမတတ်ထားဘဲ သတင်းစာဆရာဘဝသို့ ဝင်ရောက်လာပါက အခက်အခဲများ၊ ပြဿနာများ များစွာကြုံတွေ့လာတတ်သည်။ ထိုအခြေခံအသိပညာ၊ အတတ်ပညာများကို အကြမ်းအားဖြင့် သိထားပြီးလျှင်လည်း ဆက်လက်၍ လေ့လာမြဲ လေ့လာသင်ယူနေရဦးမည် ဖြစ်သည်။** မိမိသိသမျှဖြင့် တင်းတိမ်ရပ်တန့်နေပါကလည်း အဆင်မပြေ ခေတ်နှင့်လျော်ညီသော သိအပ်ဖွယ်ရာများ များစွာရှိနေပေသေးသည်။ ရှိပြီး အသိ၊ အတတ်တို့ကို ခေတ်နှင့်လျော်ညီစွာ ပေါင်းစပ်ပေးနိုင်မှုလည်း လိုအပ်ပေသည်။ သတင်းစာတိုက်၊ ဂျာနယ်တိုက်တို့တွင် တာဝန်ထမ်းဆောင်သမျှသော ဝန်ထမ်းအဆင့်ဆင့်တိုင်းသည် သတင်းပညာ၏ အခြေခံကို နားလည်တတ်ကျွမ်းရုံမျှနှင့် မပြီးသေး သတင်းဆိုင်ရာကိစ္စရပ်များကို သတင်းဆိုင်ရာအမြင်ဖြင့် ဖြေရှင်းတတ်ဖို့လည်း လိုသည်။ သတင်းစာတိုက်၊ ဂျာနယ်တိုက်၊ သတင်းဌာနတို့တွင် ဖွဲ့စည်းပုံအရ ပုံစံရှိထားပြီး ဖြစ်သည်။ စီမံ၊ ထုတ်လုပ်မှု စသည်ဖြင့် မူရင်းတာဝန်များ ရှိထားပြီး ဖြစ်သည်။ ထိုမူရင်းတာဝန်များကို သတင်းစာဆရာတစ်ဦး၏ အမြင်များဖြင့် ပေါင်းစပ်နိုင်မှသာ ထိုအဖွဲ့အစည်း အဆင်ပြေစွာ လည်ပတ်နိုင်မှု ရှိပေသည်။

ပုဂ္ဂလိကသတင်းစာတိုက်၊ ဂျာနယ်တိုက်တို့တွင် ပိုင်ရှင်(သူဌေး)သည် အဓိကဖြစ်သော်လည်း သတင်းအမြင်၊ သတင်းစာဆရာအမြင်ကို မဆန့်ကျင် မိမိလိုရာ မူဝါဒသို့ ရောက်ရန်သာ လမ်းကြောင်းပေး လေ့ရှိသည်။ စာတည်း၊ သတင်းထောက်တို့၏ အမြင်နှင့် ကြိုးပမ်းမှုများကို ရှက်ကုန်ဖွင့် လုပ်ဆောင်နိုင်ရန် လမ်းကြောင်းပေး၊ တွန်းအားပေးလေ့ရှိသည်။ သို့မှသာ အပြိုင်အဆိုင်ဖြင့် ဖတ်ရှု၍ကောင်းသော၊ လူထုနှစ်သက်သော သတင်းစာတစ်စောင်၊ ဂျာနယ်တစ်စောင်ရလာနိုင်မည်ဖြစ်သည်။ သတင်းကို သတင်းလိုမလိုက်၊ အယ်ဒီတာကလည်း မကြိုးစား အချိန်တန်လျှင် လစာထုတ်ဖြင့် မျှောလိုက်သတင်းစာမျိုးဖြစ်က မကြာခင် စောင်ရေကျ၍ သတင်းစာ၊ ဂျာနယ်ရပ်တန့်ရမည်သာ ဖြစ်သည်။ ထိုအချက်ကို ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်အပြင် နိုင်ငံပိုင်သတင်းစာတို့က သတိပြုရမည် ဖြစ်သည်။

သတင်းစာတိုက်တစ်တိုက်တွင် အုပ်ချုပ်မှုအနေဖြင့် စာတည်းမှူး၊ စာတည်း၊ သတင်းထောက်မှူး၊ လက်ထောက် စာတည်း၊ အကြီးတန်းသတင်းထောက်၊ အငယ်တန်းသတင်းထောက် စသည်ဖြင့် တာဝန်များကိုသာ အများသိကြသည်။ ကျန်သောဘောနံ့ဌာနစု၊ ဌာနစိတ်များမှာလည်း အထိန်းအကွပ် အစုအစည်းအနေဖြင့် ပါဝင်ရသည်သာ ဖြစ်သည်။ စာတည်းဌာနတွင် စာတည်းမှူး၊ စာတည်း လ/ထစာတည်းတို့က သတင်း ရွေးချယ်မှု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း စသည်ဖြင့် ရွေးချယ်ဖော်ပြ တည်းဖြတ်မှုများကို မူဝါဒနှင့် မတိမ်းမစောင်းအောင် ပြုပြင်တည်းဖြတ်ရွေးချယ်ရသည်။ သတင်းထောက်ဌာနတွင် သတင်းရရှိရေး နေ့စဉ်သတင်းရယူရန် စီမံမှု၊ စိတ်ဝင်စားဖွယ်သတင်းများနှင့် လတ်ဆတ်သစ်လွင်သောသတင်းရရှိရေး၊ သတင်းဆောင်းပါးအတွက် ညှိနှိုင်းခြင်းများ ဆောင်ရွက်ရသည်။ ငွေစာရင်းဌာနတွင် သက်ဆိုင်ရာငွေကိုင်တာဝန်ခံအဆင့်ဆင့်ဖြင့် သတင်းစာတိုက်၏ ဝင်ငွေ၊ ထွက်ငွေ၊ ရသုံးမှန်းခြေတို့ကို ဆောင်ရွက်ရသည်။ သုတေသနဌာနကလည်း မူရင်းတာဝန်ဖြစ်သော အယ်ဒီတာ၊ သတင်းထောက်တို့၏ ဦးနှောက်သဖွယ် တာဝန်ကို ကျေပွန်ရပေမည်။ အခြားနိုင်ငံမှ ဝန်ကြီးချုပ်တစ်ဦး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့်သတင်းရလျှင် အယ်ဒီတာအဖွဲ့က ထိုဝန်ကြီးချုပ်၏ အတ္ထုပ္ပတ္တိကို သတင်းစာတွင် ကြိုတင်ဖော်ပြဂုဏ်ပြုလေ့ရှိသည်။ ထိုပုဂ္ဂိုလ်၏အချက်အလက် မှတ်တမ်းတို့သည် သုတေသနဌာနတွင် ကြိုတင်မှတ်တမ်းပြုစုထားရှိပြီး ဖြစ်သည်။ အယ်ဒီတာအဖွဲ့ကတောင်းသည်နှင့် ချက်ခြင်းထုတ်ပေးနိုင်ရန် စီစဉ်ပေးရသည်။ သတင်းထောက်အဖွဲ့၏လိုအပ်ချက် အချက်အလက်ကိုလည်း သုတေသနက ဖြည့်ဆည်းပေးရသည်။ အယ်ဒီတာအဖွဲ့၊ သတင်းထောက်အဖွဲ့၏ မှတ်တမ်းမှတ်ရာ လိုအပ်ချက်တို့ကို သုတေသနအဖွဲ့က ပူးတွဲဆောင်ရွက်ရသည်။ အခြားတာဝန်ကိုလည်း ထမ်းဆောင်ရသေးသည်။ ထို့အတူ ကြော်ငြာဌာနကလည်း သတင်းစာ၏မူဝါဒနှင့်လည်း ကိုက်ညီမှုရှိအောင် ကြော်ငြာများကို စစ်ဆေးလက်ခံရုံမျှမက ရေးသားမှုမဆီလျော်၊ မညီညွတ်၊ ပုံစံမကျသော ကြော်ငြာများအား ကနဦးဖတ်ရှုစိစစ်လက်ခံပြီး ပြင်ဆင်ရေးသားပြီးမှ ဖော်ပြရန် အပ်နှံရမည်။ လာသမျှ၊ ရသမျှ ကြော်ငြာများအား လက်ခံရုံဖြင့်မပြီး မူဝါဒနှင့်အညီ ကနဦးဖတ်ရှု ပြင်ဆင်တည်းဖြတ်ရမည် ဖြစ်သည်။ ဝန်ထမ်းရေးရာအတွက် စီမံဌာနကလည်း အရေးပါသည်။ လစာ၊ ခွင့်နှင့် အခြားစီမံရေးရာများကို ဆောင်ရွက်ရသည်။ အခြားသော ဖြန့်ချိ စသည့်ဌာနစိတ်များလည်း ကိုယ်စီတာဝန်ရှိသည်။ ထိုဌာနများသည် အခါအားလျော်စွာ ညှိနှိုင်းစည်းဝေး၍ လိုအပ်သည်များကို ဆောင်ရွက်ကြရသည်။

သတိပြုရန် အချက်များရှိသေးသည်။ အယ်ဒီတာအဖွဲ့က သတင်းစာမူဝါဒနှင့်ပတ်သက်၍လည်းကောင်း၊ လိုအပ်လျှင်လည်း

**"နိုင်ငံပိုင်သတင်းစာဟူသည် နိုင်ငံတော်၏မူဝါဒမှ တိမ်းစောင်း၍မရ၊ သတင်းစာ၏ပုံစံမှ ပျက်ယွင်း၍မရ၊ စောင့်ထိန်းရမည့်သတင်းစာကျင့်ဝတ်မှ တိမ်းပါး၍မရ၊ တည်ဆဲဥပဒေများနှင့်လည်း ငြိစွန်း၍မရ၊ အများပြည်သူလိုက်နာရမည့် ဥပဒေကိုလည်း လိုက်နာရသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်း လိုက်နာရသည်။ နိုင်ငံတော်အစိုးရက ရံဖန်ရံခါ ထုတ်ပြန်သော သီးခြားဥပဒေများကိုလည်း လိုက်နာရသည်။ အရေးပေါ်စီမံမှု အက်ဥပဒေကိုလည်း သတိပြုရသည်။ မူပိုင်ခွင့်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေတို့ကိုလည်း လိုက်နာရသည်။"**

ကောင်း သတင်းထောက်များအား တာဝန်ပေးမှု၊ ကြော်ငြာဌာနအား စိစစ်စေမှု၊ ဖြန့်ချိဌာနစိတ်အား စိစစ်စေမှုများကို ဆောင်ရွက်ရန် တာဝန်ရှိသော်လည်း၊ သတင်းရွေးချယ်တည်းဖြတ်မှုကိစ္စရပ်များကို ကြော်ငြာဌာနစိတ်ကသော်လည်းကောင်း၊ သုတေသနဌာနစိတ်ကသော်လည်းကောင်း၊ ဖြန့်ချိဌာနစိတ်ကသော်လည်းကောင်း၊ စီမံဌာနစိတ်ကသော်လည်းကောင်း ဆောင်ရွက်စီမံခွင့်မရှိသည်ကိုမူ သတိချပ်ရမည်ဖြစ်သည်။ ထိုသို့ ဝင်ရောက်စီမံဆောင်ရွက်ခွင့်ပြုလျှင်သော်လည်းကောင်း၊ ဆောင်ရွက်လျှင်သော်လည်းကောင်း၊ မူဝါဒနှင့်ကင်းကွာသော မညီညွတ်သော သတင်းစာအဖြစ် ပြောင်းလဲပြီး မတည်ငြိမ်၊ ပုံစံမကျစွာဖြင့် ရှိနေမည်မှာ သေချာသည်။ စာတည်းမှူးသည် သတင်းစာ၏ ဝင်ငွေ၊ ထွက်ငွေ၊ အရှုံး၊ အမြတ်၊ စောင်ရေကိစ္စရပ်များမှ အစပြု၍ စာတည်းအဖွဲ့ကိုယ်စား အမြဲသိရှိရမည်ဖြစ်သည်။ သို့မှသာ အားနည်းချက်၊ အားသာချက်များကို ကြည့်၍ သတင်းစာဖော်ပြမှု ရွေးချယ်တည်းဖြတ် ထည့်သွင်းမှုများကို ပြင်ဆင်နိုင်မည် ဖြစ်သည်။

သတင်းစာတိုက်တစ်တိုက် ထူထောင်မည်ဆိုလျှင် ငွေကြေးအရင်းအနှီးပြီးလျှင် အယ်ဒီတာနှင့် သတင်းထောက်တို့ ဦးစွာရှာဖွေစုဆောင်းရသည်။ သတင်းစာ၏ ဆိုး၊ ကောင်း ဖန်တီးမှုများကို အဓိကဆောင်ရွက်မည့်သူများဖြစ်ခြင်းကြောင့် ဖြစ်သည်။ သတင်းထောက်အနေနှင့်လည်း သစ္စာရှိသူ၊ ကြိုးစားဖွဲ့ရှိသူများလည်း စုဆောင်းရသည်။သတင်းထောက်အချို့သည် တိုက်တစ်တိုက်ကိုသာ အခြေပြုရေးသားလေ့ရှိသည်။ အချို့သတင်းထောက်တို့မှာ အလွတ်သဘော တိုက်ပေါင်းစုံသို့ ပို့လေ့ရှိသော သတင်းထောက်လည်း ရှိသည်။ အချို့သတင်းထောက်တို့သည် သာမန်သတင်းမျိုးဆိုလျှင် ပုံမှန်တိုက်သို့ပို့ပြီး သတင်းကောင်းဆိုလျှင် ငွေပိုရသောတိုက်သို့ ပို့တတ်သော သတင်းထောက်မျိုးလည်း ရှိသည်။ ထိုသို့ မဖြစ်ရန် သက်ဆိုင်ရာစာတည်းအဖွဲ့နှင့် သတင်းထောက်အဖွဲ့ စည်းလုံးမှု၊ ညီညွတ်မှုရှိရန်လည်း လိုအပ်သည်။ မည်ကာမတ္တ တာဝန်ကျေရုံဖြင့် ဝေလေလေ သတင်းသမားအဖြစ်မနေဘဲ ဖွဲ့ရှိဖို့ လိုအပ်လှပေသည်။ အယ်ဒီတာအဖွဲ့ကလည်း သတင်းစာ၏ သဘောသဘာဝ၊ တိုက်သုံးဟန်မပျက်စေရန်နှင့် မူဝါဒများနှင့်ပတ်သက်လာလျှင် သိရှိနားလည်ရုံမျှမက ရဲရဲဝံ့ဝံ့တင်ပြပြောဆိုဆောင်ရွက်ရမည် ဖြစ်သည်။ အထက်က ခိုင်းသမျှ လိုက်လုပ်ရုံဖြင့် အယ်ဒီတာကောင်းတစ်ဦး၊ တာဝန်ကျေသူ အယ်ဒီတာတစ်ဦးမဖြစ်လာနိုင်ပေ။နိုင်ငံပိုင်သတင်းစာဟူသည် နိုင်ငံတော်၏မူဝါဒမှ တိမ်းစောင်း၍မရ၊သတင်းစာ၏ပုံစံမှ ပျက်ယွင်း၍မရ၊ စောင့်ထိန်းရမည့်သတင်းစာကျင့်ဝတ်မှ တိမ်းပါး၍မရ၊ တည်ဆဲဥပဒေများနှင့်လည်း ငြိစွန်း၍မရ၊ အများပြည်သူလိုက်နာရမည့် ဥပဒေကိုလည်း လိုက်နာရသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်း လိုက်နာရသည်။ နိုင်ငံတော်အစိုးရက ရံဖန်ရံခါ ထုတ်ပြန်သော သီးခြားဥပဒေများကိုလည်း လိုက်နာရသည်။ အရေးပေါ်စီမံမှု အက်ဥပဒေကိုလည်း သတိပြုရသည်။ မူပိုင်ခွင့်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေတို့ကိုလည်း လိုက်နာရသည်။

နိုင်ငံပိုင်သတင်းစာတို့တွင် ထိုဥပဒေများကို လိုက်နာရသည်သာမက သတင်းစာဆရာတို့ မသိမဖြစ်လေ့လာထားရမည့် မကင်းနိုင်သောဥပဒေများကိုလည်း လေ့လာထားရမည် ဖြစ်သည်။ (၁)ရာဇသတ်ကြီးဥပဒေပုဒ်မတချို့၊ (၂)ယစ်မျိုးဥပဒေပုဒ်မတချို့၊ (၃)ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ (၄)အစိုးရဆိုင်ရာလျှို့ဝှက်ချက်များဥပဒေ၊ (၅)ကလေးသူငယ်များအက်ဥပဒေ၊ (၆)တရားရုံးကို မထီမဲ့မြင်ပြုခြင်းအက်ဥပဒေ၊ (၇)အရေးပေါ်စီမံမှုအက်ဥပဒေ၊ (၈)အကြည်ညိုပျက်အောင်ပြုခြင်းနှင့်ပတ်သက်သောပုဒ်မ၁၂၄(က)၊ (၉)လူတန်းစားအချင်းချင်းရန်တိုက်ပေးခြင်းနှင့်ဆိုင်သော ဥပဒေပုဒ်မ၁၅၃(က)၊ (၁၀)အသရေဖျက်မှုပုဒ်မ ၄၉၉၊ ၅၀၀ တို့ကို သတင်းစာဆရာတိုင်း မဖြစ်မနေ လေ့လာထားရမည် ဖြစ်သည်။

**စာနယ်ဇင်းလွတ်လပ်ခွင့်၊ သတင်းစာလွတ်လပ်ခွင့်ဟူသည် သတင်းစာသမိုင်း စလာကတည်းက တိုးတိုးတစ်မျိုး၊ကျယ်ကျယ်တစ်ဖုံ သတင်းစာဆရာများ၏ နှုတ်ဖျားမှ အမြဲတစေ ကြားနေကျစကားလုံးများဖြစ်သည်။ ပုဂ္ဂလိကသတင်းစာ စာနယ်ဇင်းများထက် နိုင်ငံပိုင်စာနယ်ဇင်းများက လွတ်လပ်ခွင့်နည်းသည်ဟုဆိုနိုင်သည်။ သတင်းစာလွတ်လပ်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်၊ အထူးအခွင့်အရေးဆိုသည်မှာ ဥပဒေ၏ ကင်းလွတ်ခွင့်အားလုံး ခံစားခွင့်ပေးခြင်း မဟုတ်ဟူသည်ကိုမူ နားလည်ထားရမည် ဖြစ်ပေသည်။ မည်သည့်နယ်ပယ်တွင်မဆို အကြွင်းမဲ့လွတ်လပ်ခွင့်ဆိုသည်မှာ လုံးဝမရှိသင့်ပေ။ စည်း၊ ဘောင်၊ ကလနား၊ ဥပဒေဆိုသည်မှာ အထိန်းအကွပ်အဖြစ် ရှိကို ရှိရမည်ဖြစ်သည်။ စာနယ်ဇင်းသမား၊ သတင်းစာဆရာသည်လည်း နိုင်ငံသူ၊ နိုင်ငံသားများနှင့် တန်းတူဥပဒေစည်းမျဉ်းများကို လိုက်နာရမည်သာဖြစ်သည်။ တစ်စုံတစ်ရာ ချိုးဖောက်မိလျှင် အရေးယူခံရမည်သာ ဖြစ်သည်။**

နိုင်ငံပိုင်သတင်းစာ အယ်ဒီတာမည်သည် နိုင်ငံတော်ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရသည်။ စာနယ်ဇင်းကျင့်ဝတ်၊ မူဝါဒများလည်း လိုက်နာရသည်။ ဗဟိုမှတ်ပုံတင်အဖွဲ့က ထုတ်ပြန်ထားသည်။ သဘောထားများကိုလည်း အလေးထားလိုက်နာရန် တာဝန်ရှိသည်။ လက်ရှိကျင့်သုံးနေသော စာပေစိစစ်ရေးမူများကိုလည်း လိုက်နာရမည်ဖြစ်သည်။ **(၁)နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများကို အပြုသဘောမပါဘဲ ထိခိုက်ရေးသားခြင်း၊ (၂)ဘာသာတူအချင်းချင်း(သို့)ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုကို ထိပါးပုတ်ခတ်ရေးသားခြင်း၊ (၃)တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေရန် ရေးသားခြင်း၊ (၄)လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေရန် ရေးသားခြင်း၊ (၅)လူငယ်နှင့် ကလေးများအား စိတ်ဓာတ်ချောက်ချားစေမည့် မလျော်သော၊ မမှန်ကန်သောအတွေးအခေါ်၊ အယူအဆများပါဝင်ခြင်း၊ (၆)အချက်အလက်မှန်သော်လည်း အချိန်အခါနှင့် အခြေအနေအရ မသင့်သော ရေးသားချက်များပါဝင်ခြင်း၊ (၇)ညစ်ညမ်းသော ရေးသားချက်များပါဝင်ခြင်း၊ (၈)သဘာဝထက် လွန်ကဲသော ရက်စက်ကြမ်းကြုတ်မှုများနှင့် ပြစ်မှုကျူးလွန်သူများကို အားပေးသည့် ရေးသားချက်များပါဝင်ခြင်း၊ (၉)မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်ရေးသားခြင်း၊ (၁၀)ဌာနဆိုင်ရာလုပ်ငန်းများကို အပြုသဘောမပါသည့် ပုတ်ခတ်ရေးသားခြင်း၊ (၁၁)ပုဂ္ဂိုလ်တစ်ဦး၏ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည့် ရေးသားချက်များပါဝင်ခြင်း၊ (၁၂)နိုင်ငံရေး၊ သဘောတရားရေးနှင့် ပုဂ္ဂိုလ်ရေးများနှင့်ပတ်သက်၍ နိုင်ငံခြားနှင့်ပြည်တွင်း၊ အခြားအဖွဲ့အစည်းများအတွက် ဘက်လိုက်ဝါဒဖြန့်ဝေရေးသားချက်များပါဝင်ခြင်း၊ (၁၃)လူငယ်နှင့်ကလေးများ၏ အကျင့်စာရိတ္တကို ပျက်ပြားစေသည့် ရေးသားချက်များပါဝင်ခြင်းတို့ကို စိစစ်ရသည်။**

နိုင်ဗလ

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ




**ကျောက်ပန်းတောင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉နာရီခွဲက စံပြရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာဂုဏ်ရောင်ခမ္ဘာရုံတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားကို အ·ထ·က (လေးရွာ)မှ ကျောင်းသား၊ ကျောင်းသူလေးများက 'ကြိုဆိုပါသည် စုံညီပွဲတော်' သီချင်းကို သံပြိုင်သီဆိုဖွင့်လှစ်ပေးကြပြီး ညောင်ဦးခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးသိန်းဒန်က စုံညီပွဲတော်များ နှစ်စဉ်ကျင်းပပေးရခြင်း အကြောင်းနှင့် ကျေးဇူးတင်စကား ပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများက အက၊ အလှ၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေကြပြီး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လူမှုရေး၊ ကျန်းမာရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အ·ထ·က(၁) ကျောင်းသား၊ ကျောင်းသူလေးများက ဓာတ်မာန် သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦး၊ မြို့နယ်ပညာရေးမှူးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖျော်ဖြေရေးအဖွဲ့ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ စုစုပေါင်း ၇၂၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၅၆)

**တောင်တွင်းကြီး ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁နာရီခွဲက မြို့မအခြေခံပညာအလယ်တန်းရှိ ဘက်စုံသုံးခန်းမဦကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'စုံညီပွဲတော်တို့နွဲပျော်' သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာဇော်ကအဖွင့်အမှာစကားပြောကြားပြီး ဆရာကြီး ဦးဇော်ဝင်းထွန်းက ပညာရေးစုံညီပွဲတော်ကျင်းပရ ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကျပန်း၊ စာစီစာကုံး၊ ကဗျာရွတ်ပြိုင်ပွဲစသည့် ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် မီတာ ၅၀၊ ၁၀၀၊ ၂၀၀ အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်၊ သံပရာသီးဇွန်းကိုက်၊ အိတ်စွပ်၊ အာလူးကောက်၊ ကြက်ဥကောက်၊ အင်္ကျီကြယ်သီးတပ်၊ ထိုင်ခုံလုစသည့် ကာယစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'ချင်းတို့ဌာနေ' သီချင်း၊ 'ဓာတ်မာန်' သီချင်း၊ 'မြန်မာ့ကျောင်း' သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီး အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင် (မိသနိုးမြေ)




**သာစည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် ညနေက မြို့နယ်ပညာရေးမှူးရုံးတွင် ကျင်းပခဲ့သည်။

ဦးစွာ ကျောင်းသူလေးများက စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်ဖြင့် ကပြဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ပညာရေးစုံညီပွဲတော် ကျင်းပခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်တို့၌ ဉာဏစွမ်းရည်၊ ကာယစွမ်းရည်နှင့် စာရိတ္တ ထူးချွန်သူများအား မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများနှင့် ဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ သူလေးများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၈၇)

**ကျောက်ဆည် ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက 'စုံညီပွဲတော်ဆင်နွှဲပျော်' သီချင်းဖြင့်သီဆိုဖွင့်လှစ်ခဲ့ပြီး ခရိုင်ပညာရေးမှူး ဒေါက်တာဉမ္မာကြည်က အဖွင့်အမှာစကား ပြောကြားခဲ့ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကျော်စိုးမိုးက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ မည်သည့်ခွဲခြားမှုမျှမရှိ ရေး၊ သင်ယူမှုမဆုံးရှုံးစေရေးများကို အခြေခံကာ ကျောင်းသား လူငယ်များ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုအလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးရမည်ဖြစ်ကြောင်းနှင့် ရလဒ်ကောင်းများ ပေါ်ထွက်လာစေရန် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ပညာရေးကိုစိတ်ဝင်စားသော ပုဂ္ဂိုလ်များ စုပေါင်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအဆင့် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်အဆင့် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဉာဏစွမ်းရည်ပြိုင်ပွဲတွင် အင်္ဂလိပ်စာစွမ်းရည် ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အဖွဲ့ဝင်များဖြစ်သည့် ဗိုလ်မှူးဇေယျာလှိုင်၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ထားရွှေ၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြပြီး မြို့မ အ·ထ·က၊ အ·ထ·က-၁ ကျောင်းသား၊ ကျောင်းသူလေးများက 'ထာဝရသစ္စာ'၊ 'ဓာတ်မာန်' သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)






**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း (ဒိုင်အိုစီဇင်တော်ဝင် သံတဲကျောင်း) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရေးအတွက် ဇန်နဝါရီ ၄ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ရန်ကုန်မြို့နေ ဒိုင်အိုစီဇင်တော်ဝင်သံတဲကျောင်းသားဟောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (ငြိမ်း)က ငွေကျပ် ၁သိန်းအား အလှူရှင်ကိုယ်စား ဒိုင်အိုစီစင်တော်ဝင်သံတဲ ကျောင်းအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဌေးကြွယ်မှ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က လည်းကောင်း၊ အောင်မြေသာစံမြို့နယ်နေ ဒေါက်တာစိုးနိုင်ထွန်း+ဒေါက်တာစုမွန်လှိုင် (မိတ်ဆွေစစ်တိရစ္ဆာန်ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ရေး)မိသားစုကလှူဒါန်းရာ မိဘဆရာအသင်းအမှုဆောင်အဖွဲ့ကလည်း လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

(ဝဲပုံ)(၀၄၅)

# တရုတ်နှစ်သစ်ကူးမတိုင်မီ နှမ်းနက် ဝယ်လိုအားကောင်း



တရုတ်နှစ်သစ်ကူး မတိုင်မီ နှမ်းနက်ဝယ်လိုအားကောင်း ဈေးကောင်းရနေသော်လည်း အခြားပို့ကုန်ပဲများ ဈေးကျဆင်းနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံမှ သိရသည်။

၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းအစတွင် နှမ်းနက်(ထိပ်စ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၀ ပေါက်ဈေးရှိနေပြီး ဆက်လက်မြင့်တက်နိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

တရုတ်နှစ်သစ်ကူးမတိုင်မီ တရုတ်လိုင်းအဝယ်များသည့် ပဲတီစိမ်း၊ နှမ်းနက်၊ မြေပဲဆန်များသာဈေးကွက်တွင် ပုံမှန်အရောင်းအဝယ်ရှိနေပြီး အခြားပဲမာလိုင်းများနှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးပြောင်းလဲမှု မရှိ၊ ဈေးငြိမ်နေကြောင်း၊ နှမ်းနက်(ထိပ်စ)တစ်မျိုးသာ ဈေးကောင်းရနေသော်လည်း အခြားနှမ်းများဈေးအနည်းငယ် ကျဆင်းနေကြောင်း နှစ်ကုန်ပိုင်းဖြစ်သောကြောင့် အရောင်းအဝယ်အနည်းငယ် အေးနေသော်လည်း မကြာမီ ပဲသစ်များ ဝင်ရောက်လာချိန်တွင် လှောင်လက်သမားများနှင့် ပို့ကုန်သမားများ၏ ဝယ်ယူမှုများ ပြန်လည်ကောင်းလာနိုင်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်က ပြောသည်။

ဇန်နဝါရီ ၃ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ခန့် (နယ်ဈေး) ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးငြိမ်နေရာ ဇန်နဝါရီ ၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ထိုင်ဝမ် ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၃၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၁၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အနည်းငယ်ဈေးမြင့်တက်လာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ်၃၅၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀-၈၇၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ်ပြန်သွက်လာရာ ဇန်နဝါရီ ၃ ရက် တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင်ငွေကျပ် ၆၇၅၀၀၀၊ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးမှ ပစ္စည်းနှင့်ဝတ္ထုငွေများ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော် နယ်စပ်နှင့်တောင်တန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဇ မဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သည် နယ်စပ်တောင်တန်းဒေသတွင် သာသနာပြုနေသည့် ကချင်ပြည်နယ်၊ဗန်းမော်မြို့(ပညာတံခွန်ပညာရော ပရဟိတ)ဟန်ဘဲ ရပ်ကွက်ရှိ ဘဒ္ဒန္တသုဇာတထံသို့ လှူဖွယ်ပစ္စည်း အစုစုနှင့်အတူ ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ အလားတူ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ချမ်းမြမယ်ဇလီအုပ်စုရှိ သီလရှင် ဆရာတော် ဉာဏဝတီထံသို့ လှူဖွယ်ပစ္စည်းအစုစုနှင့်အတူ ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ယမန်နေ့က အသင်းဥက္ကဋ္ဌ ဦးလှဝင်းကိုယ်စား အသင်းကော်မတီဝင် ဒေါ်နွယ်နီက ပေးအပ်လှူဒါန်းသည်။ အလားတူ ဆရာတော်၊ သီလရှင်နှင့် သာသနာပြုနေကြသည့် ပုဂ္ဂိုလ်တို့အား ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းကြီးက မိမိတို့ တတ်စွမ်းသည့် အလှူရှင်များ၏ စေတနာ၊ သဒ္ဓါအားဖြင့် ထပ်ဆင့်ပေးလှူနေခြင်းသာဖြစ်ပါသည်။ ယာယီရွှေ့ပြောင်း သာသနာ့ဝန်ထမ်းများ၏ အခက်အခဲများကို နည်းများမဆို လှူဒါန်းကုသိုလ်ယူလိုပါက ဖုန်းနံပါတ် ၀၉-၈၇၅၇၆၄၃၂၃၊ ၀၉-၄၀၂၆၉၂၅၂၂တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**



# ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇန်နဝါရီ ၅**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်၏ လမ်းညွှန်ချက်အရ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများက ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ ကျန်းမာရေးအဆင့်အတန်း မြင့်တင်နိုင်ရန်၊ ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ သိရှိကျင့်သုံးစွဲမြဲစေရန်နှင့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်မှတစ်ဆင့် ကျန်းမာရေးအဆင့် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမျိုးသမီးကျန်းမာရေးမှူး ဒေါ်အေးအေးခိုင်က ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေစဉ်အတွင်း တီဘီရောဂါဖြစ်ပွားလာပါက တစ်ဦးနှင့်တစ်ဦး ကူးစက်ပြန့်ပွားမှု မရှိစေရေး၊ တီဘီရောဂါပိုးအား ကနဦးဆောလျင်စွာ စစ်ဆေးတွေ့ရှိပါက ရောဂါကုသပေးခြင်းဖြင့် ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် တီဘီရောဂါအကြောင်း သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်နှင့် လတ်တလော ချောင်းဆိုးနေသူများအား တီဘီရောဂါစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများ ထိုးနှံပြီးစီးမှုရှိ၊ မရှိစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး သလိပ်စစ်ရန်နှင့် ဓာတ်မှန်ရိုက်စစ်ဆေးရန် လိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**

# ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ၂၀၂၄-၂၀၂၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၏ အောင်ဇမ္ဗူခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးကျော်ခိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူလေးများက "စုံညီပွဲတော် တို့နဲ့ပျော်"သီချင်း သီဆို၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးအပ်သည်။ ထို့နောက် ပညာရည်ချွန်ဆုများ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်များတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**(ယာပုံ)(၀၉၁)**



# နယ်ဒေသများမှ ထွက်ရှိလာသည့် စပျစ်သီးများ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးဈေးကွက်အတွင်း တိုင်းဒေသကြီး၊ ဒေသအသီးသီးမှ ထွက်ရှိလာသော စပျစ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း စပျစ်သီးနှင့်အသီး ရောင်းချသည့် ပွဲရုံများထံက သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းဒေသမှ ထွက်ရှိလာသည့် စပျစ်သီးများ ဝင်ရောက်မှုများပြားနေပြီး ဈေးနှုန်းအနေဖြင့် လေးပိဿာပါ တစ်ခြင်းလျှင် ငွေကျပ် ခြောက်သောင်းကျော်အထိ ဈေးနှုန်းရရှိနေသည်။

"ရမည်းသင်းဘက်က အဝင်များတယ်၊ နယ်ပေါင်းစုံကနေ မန္တလေးဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်လျက်ရှိပါတယ်၊ အခု ဝင်ရောက်လာတာတွေကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မကွေး စတဲ့ ဒေသတွေကို အများဆုံး တင်ပို့ရောင်းချပါတယ်"ဟု အဆိုပါ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

စပျစ်သီးမှာ အပူအအေးဂရုပြုစိုက်ပျိုးရန် မလိုအပ်သည့်အပြင် မိုးရေချိန်လက်မ ၄၀ ထက် မပိုသော ဒေသများတွင် စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း ပင်ထောင်စနစ်၊ ချုံပုတ်သဏ္ဌာန်စိုက်နည်း၊ ကြိုးတန်းတင်စိုက်နည်းနှင့် စင်တင်စိုက်ပျိုးနည်းများဖြင့် အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးလျှင် ဖြစ်ထွန်းမှု ကောင်းမွန်ပြီး စိုက်ပျိုးသူများအတွက် အဆင်ပြေသည့် သီးနှံအမျိုးအစားတစ်ခုဖြစ်သည်။

ရမည်သင်းခရိုင်အတွင်း စိုက်ပျိုးသော စပျစ်အမျိုးအစားမှာ စားစပျစ်နှင့် ဝိုင်စပျစ်ဟူ၍ နှစ်မျိုးခွဲခြားစိုက်ပျိုးကြပြီး အီတလီ No.3 Red Global ပန်းရောင်နှင့် အချွန်သီးအညိုများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ဖေဖော်ဝါရီလတွင် စတင်ထွက်ရှိပြီး မတ်လဆန်းမှ ဧပြီလအထိ လှိုင်လှိုင်ထွက်ရှိကြောင်း၊ ခူးဆွတ်ပြီး သုံးပိဿာ၊ လေးပိဿာဆံ့ စက္ကူပုံးများဖြင့် ထုတ်ပိုးရောင်းချကြသည်။

လက်ရှိတွင် စပျစ်သီးအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိပြီး ဝိုင်၊ ယိုစုံနှင့် အခြားသော စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# မန္တလေးတိုင်းဒေသကြီးတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပ



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တန်းစီကွင်းတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ၂၀၂၅ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ဖတ်ကြားသည်။ ယင်းနောက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး၊ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၃၁၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၆)

**မြင်းခြံ ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၄ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ၂၀၂၅ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား မြင်းခြံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က ဖတ်ကြားခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးစောလွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များက အသီးသီး ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၃၆၆)

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်းအတွင်း၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ်၂၀ က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝေယံမင်း၊ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အလံတင်တပ်ဖွဲ့တို့ တက်ရောက်ကြပြီး အလံတင်တပ်ဖွဲ့မှ နိုင်ငံတော်အလံအား အလံတိုင်ထိပ်သို့ လွှင့်တင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။



ဆက်လက်၍ နံနက် ၇ နာရီတွင် သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအားဖတ်ကြားခဲ့ပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၅)

## တင်သွင်းလာသည့် ဆန်များ၏ ကုန်အမှတ်တံဆိပ်များကို ဖယ်ရှားရန် ဖိလစ်ပိုင်အစိုးရ စီစဉ်

ဖိလစ်ပိုင်နိုင်ငံ၌ ဆန်လုပ်ငန်းရှင်အချို့၏ ဆန်ဈေးနှုန်းအပေါ် ကြိုးကိုင်ခြယ်လှယ်မှုကို တားဆီးနိုင်ရန်အတွက် ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းအမှတ်တံဆိပ်များကို ဖယ်ရှားရမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အချို့သော လက်လီရောင်းချသူများနှင့်ကုန်သည်များသည် ဆန်ဈေးနှုန်းမြင့်မားစွာရရှိစေရန် ကုန်အမှတ်တံဆိပ်ကို အကြောင်းပြုလျက် စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိစွာ လုပ်ကိုင်နေကြောင်းကို ဈေးကွက်လေ့လာဆန်းစစ်မှုများအရ သိရှိလာရခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အမှတ်တံဆိပ်များကို ဖယ်ရှားမည်ဖြစ်သည့်အပြင် ပရီမီယံ(premium)နှင့် အထူး(special)စသည့် ဖော်ပြချက်များကိုလည်း ဖယ်ရှားရမည်ဖြစ်ကြောင်း၊ ဆန်တင်သွင်းမှုသည် သာမန်အခွင့်အရေးမဟုတ်ဘဲ အထူးအခွင့်အရေးပေးအပ်ခြင်းဖြစ်ပြီး အကယ်၍ ကုန်သည်များ အနေဖြင့် အစိုးရ၏ စည်းကမ်းချက်များကို မလိုက်နာပါက ဆန်တင်သွင်းမှုပါမစ်များကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးအသင်းဝင် Francisco Tiu Laurel Jr. က ပြောကြားခဲ့သည်။ တင်သွင်းလာသည့် ဆန်များ၏ ဆိပ်ကမ်းကုန်ချစရိတ်နှင့် ရောင်းချသည့်ဈေးနှုန်းတို့အကြား ခြားနားမှု တန်ဖိုး တစ်ကီလိုဂရမ်လျှင် ၆ ပီဆိုမှ ၈ ပီဆိုအတွင်းနှုန်းထားသည့် ကုန်ထုတ်လုပ်ရောင်းချမှုကွင်းဆက်၌ ပါဝင်နေသူအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် လုံလောက်မှုရှိကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန၏ အချက်အလက်များက ဖော်ပြလျက်ရှိသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သော ဆန်များမှာ ပြည်တွင်းဈေးကွက်ကို အကာအကွယ်ပေးရန်အတွက် ယခုကဲ့သို့ ကုန်အမှတ်တံဆိပ်ဖယ်ရှားမည့် စည်းကမ်းသတ်မှတ်ချက်များမှ ကင်းလွတ်မှု ရရှိမည်ဖြစ်ကြောင်းကို မြန်မာစီးပွားရေးသံမှူး(ဖိလစ်ပိုင်)၏ နိုင်ငံတကာ ကုန်သွယ်ရေးသတင်းပေးပို့ချက်များအရ သိရသည်။




(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*

## စပါးရိုးပြတ်များ ယူရီးယားနှင့် အီးအမ်အသုံးပြုပြီး ထယ်မှောက်ဆွေးမြေ့စေခြင်း ပညာပေး

**ကျွန်းလှ ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် စပါးရိုးပြတ်များ ယူရီးယားနှင့် အီးအမ်အသုံးပြုပြီး ထယ်မှောက်ဆွေးမြေ့စေခြင်း ပညာပေးခြင်းကို ယနေ့ နံနက် ၈ နာရီက တပ်ကုန်းကျေးရွာ တောင်သူ ဦးမင်းနိုင်၏ လယ်မြေ ၅ ဧကြ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မိုးစပါးရိတ်သိမ်းပြီး ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ်အသုံးပြုပြီး ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ပင်ကြွင်း ပင်ကျန်များ လျင်မြန်စွာ ဆွေးမြေ့နိုင်သည့်အပြင် မြေအောင်းပိုးမွှား ရောဂါများ ကာကွယ်ပေးခြင်း၊ မြေသြဇာအဖြစ် ပြန်လည်ရရှိခြင်း၊ အပင်ကြီးထွားမှုကို အားပေးသော အဏုဇီဝပစ္စည်းအဖြစ် အကျိုးပြုခြင်း၊ မြေဆီလွှာတွင် Organic Matter ပါဝင်မှုများလာခြင်းနှင့် ဖွဲ့စည်းတည်ဆောက်မှု ပိုမိုကောင်းမွန်ခြင်း၊ ဓာတုမြေသြဇာသုံးစွဲမှု လျော့နည်းလာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်စင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(၄၈၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...

❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...

❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ယခုနှစ် မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါသီးနှံ ၂၄၅၇ ဧကထိ သိမ်းဆည်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါသီးနှံ ၂၄၅၇ ဧကထိ သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ချည်မျှင်ရှည်ဝါသီးနှံ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ သီးနှံသိမ်းဆည်းချိန် ရောက်ရှိလာပြီဖြစ်သဖြင့် ဒေသခံတောင်သူများက ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်သိမ်းဆည်းခဲ့ရာ ယနေ့ထိ ဝါသီးနှံ ၂၄၅၇ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ခင်းတွေဟာ သိမ်းဆည်းချိန် ရောက်ရှိလာပြီဖြစ်လို့ ဒေသခံတောင်သူတွေက ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်သိမ်းဆည်းခဲ့ပြီး ဒီနေ့ထိ ၂၄၅၇ ဧက သိမ်းဆည်းပြီးစီးပြီ ဖြစ်ပါတယ်။ ချည်မျှင်ရှည်ဝါသီးနှံက ဈေးကွက်ရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးဦးနဲ့ မိုးနှောင်းမှာ အားထားစိုက်ပျိုးကြပါတယ်။ ဝါသီးနှံသိမ်းဆည်းရာတွင် အထွက်နှုန်းလျော့နည်းမှု မရှိအောင် အချိန်မီ ရိတ်သိမ်းနည်းပညာနဲ့ သိမ်းဆည်းပြီးတဲ့ ဝါသီးနှံတွေ အရည်အသွေးကောင်းမွန်စေရေး စနစ်တကျထားသို ထိန်းသိမ်းနည်းပညာများကို တောင်သူတွေ သိရှိလိုက်နာနိုင်ဖို့ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ယခုနှစ်မှာ ဝါသီးနှံစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ယခင်နှစ်ကထက် အထွက်နှုန်းလည်း ကောင်းမွန်ပါတယ်။ တစ်ဧက ၅၂၉ ဒသမ ၈၅ ပိဿာ ထွက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူများကို သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသော ဝါသီးနှံများ ထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်ရေးနည်းလမ်းများ စသည့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးခြင်းကို ကန်ပြည့်ကျေးရွာ၊ ကျွဲတီကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျစ်ကိုင်းကျေးရွာ၊ ရေပုတ်ကြီးကျေးရွာ၊ ချောင်းဆုံကျေးရွာ၊မဲဇလီကျေးရွာ၊ ဇီးတောကျေးရွာ၊ ကျွဲတံခါးကျေးရွာ၊ ကုလားဟောင်းကျေးရွာ၊ မုန်းမြင့်ကျေးရွာနှင့်ရေပုတ်လေးကျေးရွာရှိ ဒေသခံတောင်သူများက သီးနှံဝင်ငွေ တွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀)စသည့် ဝါသီးနှံမျိုးများကို စိုက်ပျိုးခဲ့ကြကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သဖြင့် ချည်မျှင်ရှည်ဝါသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခင်နှစ်ကထက် အထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

၀-၀-၀-၀-၀




## အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား) ချန်ပီယံဆုကို ဗီယက်နမ်အသင်း ဆွတ်ခူး

အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ဒုတိယကျော့ပွဲစဉ်အဖြစ် ထိုင်းနိုင်ငံ၌ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက ထိုင်းအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့သည် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အား နှစ်ကျော့ယှဉ်ပြိုင်ကစားခဲ့ကြရာ ဗီယက်နမ်အသင်းက နှစ်ကျော့စလုံးအနိုင်ရယူပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် အရှေ့တောင်အာရှချန်ပီယံရှစ် (မစ်ဆူဘီရှိ အီလက်ထရစ်ဖလား) ချန်ပီယံဆုအား ၂၀၀၈၊ ၂၀၁၈၊ ယခု ၂၀၂၄တို့တွင် သုံးကြိမ်မြောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

(NGB)

၀-၀-၀-၀-၀

၀-၀-၀